ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 22 June 2025 ၁၁၈၅၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးကွက်အတွင်း လတ်ဆတ်စွာရောင်းချပေးနိုင်ရေး စနစ်တကျစီမံဆောင်ရွက်

## ဒေသတွင်း၌ အခြေခံစားကုန်များ ဖူလုံပေါများစွာ စိုက်ပျိုးမွေးမြူထုတ်လုပ်ပေးနိုင်ပါက ကုန်ဈေးနှုန်းကြီးမြင့်မှုများလည်း လျော့ကျသွားစေမည်

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ရွှေပြည် စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ စိုက်ပျိုးမွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် တာဝန်ခံက စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဥစားကြက် မွေးမြူရေးဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်တိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ အသားတိုးဝက်မွေးမြူထားရှိမှုနှင့် ဝက်သားပေါက်ထုတ်လုပ်ရေး ဆောင်ရွက်လျက်ရှိမှု၊ အစေ့ထုတ် ပြောင်းစပ်မျိုး စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်လျက်ရှိမှု၊ တိရစ္ဆာန်အစာစပ် စက်ရုံတည်ဆောက်နေမှုနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဆက်လက်ဖြေဆို
စာမျက်နှာ » ၉



မငြိမ်းချမ်းတော့သည့်ကမ္ဘာကြီးနှင့် ကိုယ့်နိုင်ငံ ကိုယ်တိုင်ဖျက်နေကြသူများ
ဆောင်းပါး စာမျက်နှာ » ၁၀

မူးယစ်ဆေးရန် တို့တွန်းလှန်၊ ကြိုးစားတိုက်ဖျက် နိုင်ငံ့အတွက်
မျိုးဆက်သစ်ပျိုးခင်း
စာမျက်နှာ » ၂၁

ကြေးမုံ

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အမျိုးသားရေးတာဝန်ဖြင့် ဆောင်ရွက်

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရသည့်အခါ နိုင်ငံတော်အနေဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ ထိထိရောက်ရောက် အလျင်အမြန်ဆောင်ရွက်ပေးနိုင်ခဲ့သလို သဘာဝဘေးအန္တရာယ်များမှ လျော့ပါးသက်သာစေရေးနှင့် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာဝပြောစေရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေမည့် သစ်တောသစ်ပင်များသည် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အကျိုးပြုလျက်ရှိသည်။

သက်ရှိများအားလုံးကို အကျိုးပြုလျက်ရှိသည့် ကမ္ဘာကြီး၏ ပုံမှန်ရာသီဥတုဖြစ်စဉ်ကို ဖောက်ပြန်ပြောင်းလဲစေသော အကြောင်းရင်းများတွင် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုဖြစ်စေသည့် သစ်တောသစ်ပင်များ ပျက်သုဉ်းခြင်းသည် အဓိကကျသော အချက်တစ်ခုဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်းကြောင့် ရာသီဥတုပြောင်းလဲခြင်းဖြစ်ပေါ်လာပြီး ယနေ့ကမ္ဘာကြီးတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ ရေကြီးရေလျှံခြင်းနှင့် မိုးခေါင်ရေရှားခြင်း၊ မြေပြိုခြင်း၊ လျှင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့လာရသည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင်၊ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ဂေဟစနစ်များ ပိုမိုကောင်းမွန်စေရန်အတွက် သစ်တောသယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ ပြန်လည်တည်ထောင်ခြင်းနှင့် တိုးချဲ့စိုက်ပျိုးခြင်းလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဦးစားပေးအစီအစဉ်အဖြစ် ရေရှည်စီမံချက်များ ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အများဆုံးကြုံတွေ့ရသော ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှု၊ မြေဆီလွှာပျက်သုဉ်းမှု သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန် သစ်တောသစ်ပင်များ ထိန်းသိမ်းမြှင့်တင်ပျိုးထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်က နှစ်စဉ် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများတွင် သစ်တောဖုံးလွှမ်းမှုကောင်းမွန်ပြီး သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ပဏာမအစီရင်ခံစာအရ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူပြီးနောက်ပိုင်းတွင် သစ်ပင်စိုက်ပျိုးမှု၊ သစ်တောများ ပြုပြင်ထိန်းသိမ်းမှုကို အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂသစ်တောကဏ္ဍဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်အရ ၂၀၀၀ ပြည့်နှစ်တွင်ရှိခဲ့သည့် ကမ္ဘာ့သစ်တောဧရိယာ ဧက ၁၀ ဘီလီယံမှ ၂၀၃၀ ပြည့်နှစ်တွင် ဧရိယာဧကသန်း ၃၀၀ ခန့်( ၃ ရာခိုင်နှုန်းခန့်) ပိုမိုတိုးပွားလာစေရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် “ရာသီဥတုမျှတပြီး သစ်တောဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ ပိုမိုရရှိစေရေးအတွက် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းအထိ သစ်တောများဖုံးလွှမ်းအောင်” ရည်မှန်းချက်ထားပြီး သက်ဆိုင်ရာဌာနများ၊ ဒေသဆိုင်ရာများနှင့် အဖွဲ့အစည်းများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရန် နိုင်ငံတော်အကြီးအကဲက မှာကြားထားသည်။

နိုင်ငံတော်အနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီမှ ၂၀၂၄ ခုနှစ် မိုးရာသီအထိ နိုင်ငံတစ်ဝန်းတွင် ပျိုးပင်စုစုပေါင်း ၉၀ ဒသမ ၅၅ သန်းကျော် ဖြန့်ဝေစိုက်ပျိုးပေးနိုင်ခဲ့ပြီးဖြစ်သည်။ နေပြည်တော်တွင် သစ်ပင်စိုက်ပျိုးပွဲ ကိုးကြိမ် ပြုလုပ်ခဲ့ပြီး သစ်ပင် ၃၂၀၉၇၀၃ ပင်စိုက်ပျိုးနိုင်ခဲ့သည်။ ဖြန့်ဝေစိုက်ပျိုးခဲ့သည့် သစ်ပင်များသည် သစ်တောနယ်မြေများဖြစ်သည့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ၌ စိုက်ပျိုးခြင်းသာမကဘဲ သစ်တောနယ်မြေပြင်ပနေရာများ၌လည်း ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ကြသည်။ စိုက်ပျိုးလိုက်သည့် သစ်ပင်များ ရာခိုင်နှုန်းပြည့် အောင်မြင်ရှင်သန်ရန်အတွက် ဝိုင်းဝန်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ယခုနှစ်မိုးရာသီ၌လည်း အမြင့်နှစ်ပေအထက် ပျိုးပင် ၂၀ ဒသမ ၅၉ သန်းကို နိုင်ငံတစ်ဝန်းသို့ ဖြန့်ဝေပေးထားပြီး စိုက်ပျိုးသွားကြမည်ဖြစ်သည်။

သို့ဖြစ်ရာ “အိမ်တိုင်းမှာ သစ်ပင်၊ ရွာစဉ်မှာ တောတန်း၊ တစ်တောဝင် တစ်တောဆက်၊ မြို့တက်မယ့်လမ်း” ဆိုသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်အတွက် ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နေရာအသီးသီး စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသရရှိရေးကို ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သစ်ပင်သစ်တောများကို ထိန်းသိမ်းတိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ပါကြောင်း။ ။

## ချင်းတွင်းမြစ်နှင့် ပဲခူးမြစ် စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၂၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေကျော်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ပဲခူးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဇွန် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ဘာသာပြန်(သုတ) ပထမဆုရရှိသည့် ဘာသာပြန်သူ ဒီပီလင်း၏ ‘ကပ်ရောဂါဘေးကင်းစေရေး’စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကိုဗစ်အပါအဝင် ကပ်ရောဂါများဘေးမှ ကာကွယ်ရန်အတွက် ပထမခြေလှမ်းအနေဖြင့် တောင့်တင်းခိုင်မာသော ကျန်းမာရေးစနစ်ကြီးတစ်ခုဖြစ်ရန် အခြေခံလိုအပ်ချက်များဖြစ်သော ရောဂါဖြစ်ပွားမှုကို အချိန်မီထောက်လှမ်းသိရှိပြီး သတင်းပို့နိုင်ရေးနှင့် ကာကွယ်ကုသပေးနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံရမည်။

ဒုတိယခြေလှမ်းမှာ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ သေဆုံးနေရသည့်အကြောင်းရင်းကို သေချာနားလည်သဘောပေါက်အောင် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်သည်။

တတိယခြေလှမ်းအားဖြင့် ရင်ဆိုင်တိုက်နေရသည့် ရန်သူ့အကြောင်း ကောင်းကောင်းသိထားရန် လိုအပ်သည်။ ထို့ကြောင့် အစိုးရများနှင့် ငွေကြေးထောက်ပံ့သောအဖွဲ့အစည်းများအနေဖြင့် အချိန်တိုတိုနှင့် လူများများကို တစ်ပြိုင်တည်းစစ်ဆေးပေးနိုင်မည့် နည်းပညာသစ်များ ထွန်းကားလာရေးအတွက် ထောက်ပံ့ပေးဖို့လိုသည်။ အထူးသဖြင့် ဆင်းရဲသောနိုင်ငံများနှင့် အလယ်အလတ်နိုင်ငံများအတွက် ကုန်ကျစရိတ်နည်းနည်းဖြင့် လူများများကို စစ်ဆေးပေးနိုင်မည့် စမ်းသပ်ကိရိယာဒီဇိုင်းသစ်များ ထုတ်လုပ်ပေးရန် လိုအပ်နေသည်။

နောက်ဆုံးတွင် ကွန်ပျူတာဖြင့် ရောဂါနမူနာပုံစံထုတ်ပေးနိုင်ရေးအတွက် အလားအလာကောင်းများ ဖြစ်ပေါ်လာရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် လိုအပ်လျက်ရှိပါကြောင်း ယင်းစာအုပ်တွင် တင်ပြထားသည်။

ဘာသာပြန်သူကလည်း မြန်မာပြန်ရာတွင် မူရင်းစာအုပ်က ပေးသောအချက်အလက်များကို မြန်မာစာဖတ်ပရိသတ်နားထဲ၊ ရင်ထဲ ရှောရှောရှူရှူရောက်အောင် ပြန်ဆိုထားသည်။ အထူးသဖြင့် သိပ္ပံဝေါဟာရများ၊ ဆေးပညာဝေါဟာရများကို မြန်မာပြန်ဆိုရာတွင် နားလည်သဘောပေါက်အောင် အထူးကြိုးပမ်းအားထုတ်ထားသည်။ ဘာသာပြန်ကို ဖတ်ရသည်နှင့်မတူဘဲ မြန်မာဆေးပညာပေးဆောင်းပါးကို ဖတ်နေရသကဲ့သို့ အထူးချောမွေ့ပြေပြစ်သော ဘာသာပြန်စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၃၅၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၁ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ စိုက်ပျိုးမွေးမြူရေးဇုန် တာဝန်ခံက ရှင်းလင်းတင်ပြစဉ်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေရခြင်းမှာ တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော်အတွက် နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်စားသုံးမှု လိုအပ်ချက်ကို ပြည့်မီစေရန်ဖြစ်

☆ ရှေ့ဖုံးမှ

အထွက်တိုးပြောင်းမျိုးစေ့ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးကွက်အတွင်းသို့ လတ်ဆတ်စွာဖြင့် ရောင်းချပေးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေရခြင်းမှာ တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော်အတွက် နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်စားသုံးမှု လိုအပ်ချက်ကို ပြည့်မီစေရန်ဖြစ်ကြောင်း၊ လူဦးရေ ၇ သန်းကျော်၏ နေ့စဉ်အသားစားသုံးမှု လိုအပ်ချက်ကို စနစ်တကျဖြင့် တွက်ချက်ထားရှိရန်လိုပြီး ဇုန်အလိုက်လိုလားချက်ပြည့်မီအောင် စိုက်ပျိုးမွေးမြူ ထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း၊ ဒေသတွင်း၌ အခြေခံစားကုန်များကို ဖူလုံပေါများစွာဖြင့် စိုက်ပျိုးမွေးမြူ ထုတ်လုပ်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုလည်း လျော့ကျသွားစေမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ်စားသုံးမှုအတွက် အသား၊ ငါးနှင့် ဥများလိုအပ်ကြောင်း၊ ထုတ်လုပ်မှုနှင့်စားသုံးမှု မျှတမှသာ သင့်တင့်သည့် ဈေးနှုန်းများဖြစ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသား၊ ငါးနှင့် ဥများကို ထုတ်လုပ်မှုနှင့် စားသုံးမှုမျှတအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ အသီးအနှံများကိုလည်း မိမိတို့တိုင်းဒေသကြီးအတွင်း ပေါများနေအောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ မီးဖိုချောင်သုံးသီးနှံများကိုလည်း လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်သွားရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးသူများလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိစေရေး ဈေးကွက်အတွင်းသို့ အလျင်အမြန် ဖြန့်ဖြူးရောင်းချပေးရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ပေါပေါသီသီစားသုံးနိုင်ရေး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဓိကအားဖြင့် အထွက်နှုန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

> ❖ **ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သည့်ပြည်သူများ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလို**
>
> ❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးသူများလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိစေရေး ဈေးကွက်အတွင်းသို့ အလျင်အမြန်ဖြန့်ဖြူးရောင်းချပေးရန်လို**
>
> ❖ **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ပေါပေါသီသီ စားသုံးနိုင်ရေး ဆောင်ရွက်ပေးနေခြင်းဖြစ်**
>
> ❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အဓိကအားဖြင့် အထွက်နှုန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကွက်ချပုံစံငယ်အား ကြည့်ရှု၍ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်၍ အအေးပေးစနစ်ဖြင့် အသားတိုးဝက်များ မွေးမြူထားရှိမှု၊ ဥစားကြက်များကို Fully automatic စနစ်ဖြင့် မွေးမြူထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်တွင်းမှထုတ်လုပ်ထားသည့် ဆိုလာပြားများအား ပြည်ပမှတင်သွင်းသည့် ဆိုလာပြားများနှင့် တန်းတူအရည်အသွေးရရှိအောင် ဆောင်ရွက် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ဆိုလာထုတ်လုပ်ခြင်းနည်းပညာများကိုလည်း မျက်ခြည်မပြတ်လေ့လာ၍ အဆင့်မြှင့်တင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အီလက်ထရောနစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံ ရွှေကသာကုမ္ပဏီလီမိတက် ဆိုလာပြားစက်ရုံတွင် တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံအလုပ်ရုံများ၌ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အီလက်ထရောနစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံ ရွှေကသာကုမ္ပဏီလီမိတက် ဆိုလာပြားစက်ရုံ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အီလက်ထရောနစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံ ရွှေကသာကုမ္ပဏီလီမိတက် ဆိုလာပြားစက်ရုံသို့ ရောက်ရှိကြရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုမ္ပဏီအစည်းအဝေးခန်းမ၌ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ်၏ ဆိုလာစွမ်းအင်နှင့်ပတ်သက်သည့် မူဝါဒနှင့် လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ အီလက်ထရောနစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံဆိုင်ရာ အချက်အလက်များ၊ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)၊ ဆိုလာပြားအလုပ်ရုံဆိုင်ရာ အချက်အလက်များ၊ ဆိုလာပြားဈေးကွက် အခြေအနေနှင့် ပြည်ပမှဆိုလာပြားများ တင်သွင်းနေရမှုအခြေအနေများ၊ ဆိုလာပြားထုတ်လုပ်မှု နည်းပညာများ၊ ဆိုလာပြားအမျိုးအစားများနှင့် နှိုင်းယှဉ်ချက်များ၊ ဆိုလာပြားများ အသုံးပြု၍ နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အခြေအနေများကို လည်းကောင်း၊ ရွှေကသာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာက ကုမ္ပဏီအနေဖြင့် ဆိုလာပြားထုတ်လုပ်မှုလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆိုလာပြားထုတ်လုပ်မှုများ နှစ်အလိုက် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆိုလာပြားစက်ရုံအတွင်း ဆိုလာပြားများထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်းမှ ထုတ်လုပ်ထားသည့် ဆိုလာပြားများအား ပြည်ပမှ တင်သွင်းသည့် ဆိုလာပြားများနှင့် တန်းတူအရည်အသွေးရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ဆိုလာထုတ်လုပ်ခြင်း နည်းပညာများကိုလည်း မျက်ခြည်မပြတ်လေ့လာ၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရာသီဥတုသာယာကောင်းမွန်ပြီး နေသာသည့်ရက်များပြားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများတိုးတက်စေရေး မိမိအနေဖြင့် ၂၀၂၂ ခုနှစ်တွင် စတင်ပြောကြားခဲ့ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများမှ တစ်ဆင့် အမြန်ဆုံးရရှိနိုင်မည်ဖြစ်ကြောင်း၊ ဆိုလာပြားထုတ်လုပ်ခြင်းအတွက် လိုအပ်သည့်ကုန်ကြမ်းများကို ပြည်တွင်း၌ ထုတ်လုပ်သွားနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဥပမာအားဖြင့် ဆီလီကွန်ကဲ့သို့သော ကုန်ကြမ်းများ လိုအပ်သဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်တွင်း၌ ဆိုလာပြားများကို လုံလောက်စွာထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းလျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ကိုလည်း မထိခိုက်နိုင်သောကြောင့် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြည်ပမှ လောင်စာဆီများကို တင်သွင်းရလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်းရှိ ပြည့်ဖြိုးမြဲစွမ်းအင်များမှ လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားဖူလုံပေါများစွာရရှိခြင်းဖြင့် လူမှုစီးပွားဘဝများသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ **စာမျက်နှာ ၅ သို့ ✻**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ (ရွာမ) တွင် ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃)သံမဏိစက်ရုံ(ရွာမ)အတွင်း HRB-500 Steel Billet များ ထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။

✻ စာမျက်နှာ ၄ မှ

ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစီမံကိန်းများသည် အချိန်ရယူတည်ဆောက်ရပြီး ငွေကြေးများစွာသုံးစွဲရကြောင်း၊ တည်ဆောက်ချိန် တိုတောင်းသည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားကို ကိုယ်ပိုင် တစ်ပိုင်တစ်နိုင်သုံးစွဲသည်မှ လုပ်ငန်းများ၊ စက်ရုံများလည်ပတ်နိုင်သည်အထိ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပျမ်းမျှအားဖြင့် ရက်ပေါင်း ၃၀၀ ကျော်ခန့်သည် အလင်းနှင့် နေရောင်ခြည်ကိုရရှိကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ၌ ဆိုလာလျှပ်စစ်ဓာတ်အားများဖြင့်အသုံးပြု၍ ကုန်ထုတ်လုပ်ခြင်းများ ဆောင်ရွက်သွားမည်ဆိုပါက ကုန်ထုတ်လုပ်မှုစရိတ်ကို များစွာလျှော့ချနိုင်ခြင်းကြောင့် အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ၎င်းလုပ်ငန်းများ ဆောင်ရွက်သူများအတွက် Incentive များ ပေးသွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း Small Scale (အိမ်သုံး)မှ Large Scale (စက်ရုံသုံး)အထိ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ မြို့ရွာများ၌လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဆိုပါက လူနေထိုင်မှုအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်း၊ ဆိုလာလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိစေမည့် လုပ်ငန်းဖြစ်ကြောင်း၊ ဆိုလာပြားများအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုပြီး ဆိုလာပြားထုတ်လုပ်မှု တိုးတက်ရေးနှင့်ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့က ပူးပေါင်း၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်း၌ Solar Panel များအား လုံလောက်စွာ ထုတ်လုပ်သွားကြရန် လိုကြောင်း။

လျှပ်စစ်နှင့်ပတ်သက်၍ ဝိုင်ယာကြိုးများကိုလည်း ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝိုင်ယာကြိုးပြုလုပ်ရန်အတွက် အခြေခံဖြစ်သည့် ကြေးနီများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ ဝိုင်ယာကြိုး လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်ရုံအထိမ်းအမှတ်ဂါရဝပြုလက်ဆောင်ကို ပေးအပ်သည်။

ဆက်လက်၍ ဆိုလာပြားစက်ရုံအတွင်း ဆိုလာပြားများ ထုတ်လုပ်နေမှုအဆင့်ဆင့်နှင့် ဆိုလာပြားစမ်းသပ်ထုတ်လုပ်ရန် ၂၀၂၁ ခုနှစ်မှစတင်၍ ဈေးကွက်အတွင်းမှ ဝယ်ယူ၍ လေ့လာခဲ့သည့် ဆိုလာပြားများနှင့် ကုမ္ပဏီမှ ထုတ်လုပ်ထားရှိသည့် ဆိုလာပြားများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**တာယာစက်ရုံ(ရွာမ)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ(ရွာမ) မော်တော်ဆိုင်ကယ်တာယာနှင့် ကျွတ်ထုတ်လုပ်သည့် အလုပ်ရုံသို့ ရောက်ရှိစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ် တာယာများနှင့်ကျွတ်များ ထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်း လိုအပ်ချက်များသည့် မော်တော်ဆိုင်ကယ်တာယာများ၊ သုံးဘီးဆိုင်ကယ်တာယာများနှင့် ကျွတ်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးပြည့်မီကောင်းမွန်ရေး ပြည်တွင်းဈေးကွက် ဖူလုံမှုရှိစေရေးနှင့် ပြည်ပဈေးကွက် ရရှိရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

- **တည်ဆောက်ချိန်တိုတောင်းသည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားကို ကိုယ်ပိုင် တစ်ပိုင်တစ်နိုင်သုံးစွဲသည်မှ လုပ်ငန်းများ၊ စက်ရုံများ လည်ပတ်နိုင်သည်အထိ ဆောင်ရွက်သွားကြရန်လို**
- **မိမိတို့နိုင်ငံတွင် ပျမ်းမျှအားဖြင့် ရက်ပေါင်း ၃၀၀ ကျော်ခန့်သည် အလင်းနှင့် နေရောင်ခြည်ကိုရရှိ**
- **စက်ရုံ၊ အလုပ်ရုံများ၌ ဆိုလာလျှပ်စစ်ဓာတ်အားများဖြင့် အသုံးပြု၍ ကုန်ထုတ်လုပ်ခြင်းများ ဆောင်ရွက်သွားမည်ဆိုပါက ကုန်ထုတ်လုပ်မှုစရိတ်ကို များစွာလျှော့ချနိုင်ခြင်းကြောင့် အကျိုးအမြတ်များ ပိုမိုရရှိမည်**

**အမှတ်(၃)သံမဏိစက်ရုံ(ရွာမ)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃)သံမဏိစက်ရုံ(ရွာမ)သို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမတွင် ကောင်စီဝင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ အရည်အသွေးမြင့် သံမဏိများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှုနှင့် အရည်အသွေးတိုင်းတာ စစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှု စွမ်းအားကျဆင်းသည့် ကုန်ထုတ်စက်ကြီးများအား အသစ်ပြန်လည်တပ်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို လည်းကောင်း၊ အမှတ်(၃)သံမဏိစက်ရုံ(ရွာမ) စက်ရုံမှူးကြီးက စက်ရုံဆိုင်ရာအချက်အလက်များ၊ စက်ရုံမှ သံမဏိနှင့် ဆက်စပ်ပစ္စည်းများ၊ ဘိုး၊ နပ်များ ထုတ်လုပ်လျက်ရှိမှု အခြေအနေများ၊ စက်များမှ သံမဏိထုတ်ကုန်များ ထုတ်လုပ်နိုင်မှု စက်စွမ်းအားအခြေအနေများ၊ အရည်အသွေးပြည့်မီသည့် သံမဏိများရရှိရေး စနစ်တကျထုတ်လုပ်နေမှုများ၊ ထုတ်လုပ်ထားသည့် Deformed Bar များကို အရည်အသွေး စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ သတ်မှတ်အရည်အသွေးထက် ပိုမိုကောင်းမွန်မှုရှိသည်ကို စစ်ဆေးတွေ့ရှိရမှုနှင့် သံရည်ကျိုလုပ်ငန်းဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းနှင့် စက်ရုံမှထွက်ရှိသည့် HRB-500 Steel Billet များအား ကုန်ထုတ်လုပ်နိုင်ရေး အမှတ်(၁)သံမဏိစက်ရုံ(ကျောက်စွယ်ကျိုး) သို့ လွှဲပြောင်းပေးပို့မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ **စာမျက်နှာ ၆ သို့ ✻**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၂) သံမဏိစက်ရုံ(မြောင်းတကာ)ရှိ တံတားနှင့် သံထည်ထုတ်လုပ်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

* စာမျက်နှာ ၅ မှ

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်း၌ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သံမဏိများ လိုအပ်လျက်ရှိခြင်းကြောင့် ပြည်တွင်း သံမဏိထုတ်လုပ်ခြင်း လုပ်ငန်းများကို အားပေးရန်လိုကြောင်း၊ အရေအတွက် ပြည့်မီရန်လိုအပ်သကဲ့သို့ အရည်အသွေးအရလည်း ပြည့်မီရန်လိုအပ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ စက်ရုံမှထွက်ရှိသည့် သံမဏိများနှင့် ပြည်ပနိုင်ငံများမှ ထုတ်လုပ်ထားသည့်သံမဏိများကို အရည်အသွေး နှိုင်းယှဉ်ပြသထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်းလှည့်လည်၍ HRB-500 Steel Billet များ ထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်(၃)သံမဏိစက်ရုံ(ရွာမ)မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးကြီးက လက်ခံရယူသည်။

**အမှတ်(၂)သံမဏိစက်ရုံ(မြောင်းတကာ)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၂) သံမဏိစက်ရုံ (မြောင်းတကာ)သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ကောင်စီဝင်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက စက်ရုံသမိုင်းအကျဉ်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ စက်ရုံမှူးကြီးက စက်ရုံဆိုင်ရာအချက်အလက်များ၊ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စက်ရုံစတင်သည်မှ ယနေ့အထိဆောင်ရွက်ပြီးစီးခဲ့သည့် စီမံကိန်းဝင်မြစ်ကူးတံတားကြီးများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ဆက်လက်၍လည်း တံတားသံပေါင်များ ထုတ်လုပ်လျက်ရှိမှု၊ ခုံးကျော်တံတားများအတွက် လိုအပ်သည့်သံပေါင်များကို ထုတ်လုပ်ပေးခဲ့မှု၊ လျှပ်စစ်တာဝါတိုင်များနှင့် သွပ်ဆေးတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တံတားလုပ်ငန်းများအတွက် သံပေါင်များနှင့် ဆက်စပ်ပစ္စည်းများ ဆက်လက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဓာတ်အားလိုင်းတာဝါတိုင်များ ထုတ်လုပ်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သံမဏိထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် မဖြစ်မနေလိုအပ်သည့်လုပ်ငန်းဖြစ်ပြီး စက်ရုံအနေဖြင့် တာဝါတိုင်များ၊ တံတားသံပေါင်များကို စနစ်တကျဖြင့် ဆက်လက်ထုတ်လုပ်သွားရန်လိုကြောင်း၊ အဓိကအားဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် Deformed Bar များလိုအပ်သဖြင့် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန် လိုကြောင်း၊ ဆောက်လုပ်ရေးသုံးသံမဏိများကို ပြည်ပမှ နှစ်စဉ်ဝယ်ယူနေရပါက နိုင်ငံတော်အတွက် ငွေကြေးကုန်ကျမှု များပြားနေဦးမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်အတွက် ရှိပြီးဖြစ်သည့် သံအရင်းအမြစ်များကို စနစ်တကျ ထုတ်ယူအသုံးချသွားရန် လိုကြောင်း၊ ပထမဦးစားပေးအနေဖြင့် Steel Billet များကို ထုတ်လုပ်သွားနိုင်ရန်လိုပြီး ထိုမှတစ်ဆင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး Deformed Bar များ ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ ပြည်တွင်း၌ရှိပြီးဖြစ်သည့် သံမဏိစက်ရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မန္တလေးလျှောက်ကြီး လှုပ်ခတ်ခဲ့ချိန်တွင်လည်း အချို့ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများမှာ အရည်အသွေးပြည့်မီမှုမရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရပြီး မိမိတို့အတွက် သင်ခန်းစာပင်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ခိုင်ခံ့စွာတည်ဆောက်နိုင်ရေးအတွက် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးသုံးသံမဏိများကို ထုတ်လုပ်သွားနိုင်ရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်၍ တံတားနှင့် သံထည်ထုတ်လုပ်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားကာ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံ Jetty နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**


# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇွန် ၂၁**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၁-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၂-၆-၂၀၂၅ ရက်နေ့မှ ၂၅-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ**




**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် ဇွန်လ တတိယ ၁၀ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဇွန် ၂၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် လေးပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် နှစ်ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# Nepal is Safe & New Vision Myanmar

**မျိုးမြတ်မြတ်မြင့်မောင်**

ယခုတလော ကျွန်တော့်အတွေးဝယ် ကြီးစိုးနေသည်က အထက်ပါဆောင်ပုဒ်နှစ်ခု ဖြစ်ပါသည်။ **"Nepal is Safe"** ဆိုသည်ကတော့ နီပေါပြည်သူများနှင့် ရင်းနှီးကျွမ်းဝင်ပြီးသား စကားလုံးဖြစ်ပြီး မြန်မာပြည်သူများအတွက် စိမ်းကောင်းစိမ်းနေပါလိမ့်မည်။ အလားတူ **"New Vision Myanmar"** ဟူသည့် စကားလုံးကလည်း မြန်မာပြည်သူအများစု စတင်သတိပြုမိနေပြီဖြစ်သော်လည်း အခြားသူများအဖို့ စိမ်းနေပါလိမ့်ဦးမည်။ တကယ်တော့ ဒီဆောင်ပုဒ်တွေက နိုင်ငံနှစ်နိုင်ငံ၏ ပြင်းထန်ဆိုးရွားလှသော ငလျင်ဒဏ်ကြီးအပြီးတွင် ပြန်လည်ရုန်းထရှင်သန်နိုင်ရန်အတွက် နိုင်ငံအလိုက် အသီးသီးကြွေးကြော်ခဲ့ကြသည့် ဆောင်ပုဒ်များဖြစ်ပါသည်။

ကျွန်တော်သည် နီပေါနိုင်ငံတွင် သင့်တင့်သော ကာလတစ်ခု ဖြတ်သန်းခဲ့ပြီးဖြစ်သည်နှင့်အညီ ထိတွေ့မှုကလည်း နယ်ပယ်စုံနီးပါး ရှိနေပြီဖြစ်ပါသည်။ သည်အတောအတွင်း ယခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ကျွန်တော်တို့မြန်မာနိုင်ငံ၌ အင်အားကြီးမားပြင်းထန်သည့် ၇ ဒသမ ၇ မဂ္ဂနီကျူရှိသည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုနှင့်အတူ လူ ၃၇၀၀ ကျော် သေဆုံး၊ ၅၁၀၀ ကျော် ဒဏ်ရာရ၊ ပျောက်ဆုံးသူ ၄၀ ကျော်အပါအဝင် အိုးအိမ် တိုက်တာအဆောက်အအုံများ၊ လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ ရုံး စသည့် အခြေခံအဆောက်အအုံများ ဆိုးရွားစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

တိုက်ဆိုင်မှုရှိစွာပင် နီပေါနိုင်ငံတွင်လည်း ဧပြီလ ၂၅ ရက်နေ့က နီပေါငလျင်ကြီး လှုပ်ခတ်ခဲ့သည့် ၁၀ နှစ်ပြည့် အခမ်းအနားများကို ကျင်းပခဲ့ကြရာ နီပေါငလျင်ကြီးအပြီး ၁၀ နှစ်အကြာ နီပေါနိုင်ငံ၏ ပြန်လည်ထူထောင်နိုင်မှုအခြေအနေများကို တစေ့တစောင်း လေ့လာခွင့်ရရှိခဲ့ရာမှတစ်ဆင့် ဒီဆောင်ပုဒ်များက ကျွန်တော့်စိတ်ကို ဖမ်းစားနိုင်ခဲ့သည်ဟု ဆိုရပါမည်။

ခြုံငုံကြည့်ပါက နီပေါနိုင်ငံသည် **"Nepal is Safe"** ဟူသော ဆောင်ပုဒ်ကို ရပ်သိ၊ ရွာသိ၊ ကမ္ဘာသိ ကြွေးကြော်ကာ ပြည်တွင်း၏အင်အားအပြင် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ထားနိုင်ခြင်း၏ အသီးအပွင့်တို့ကို ထိထိရောက်ရောက် အသုံးချနိုင်ခဲ့သည်ဟု ဆိုရပါမည်။ ပြည်ပ၏ အကူအညီနှင့် ထောက်ပံ့မှုတို့ကို ကြီးကြီးမားမား ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သလို လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းစဉ်များကို ကာလံဒေသံနှင့်အညီ လုပ်ဆောင်နိုင်မှု၊ IT နည်းပညာကို ထိရောက်စွာ အသုံးချနိုင်မှု၊ မှန်ကန်သင့်မြတ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်စွမ်းရှိမှု၊ ပွင့်လင်းမြင်သာမှုကိုအခြေခံပြီး ပြည်သူတို့၏အားကို ရယူကာ ကြိုးပမ်းအားထုတ်ခဲ့မှုအစုစုတို့ကြောင့် ငလျင်ကြီးအပြီး ၁၀ နှစ်တာခရီးဝယ် ကဏ္ဍပေါင်းစုံကို ၈၀ ရာခိုင်နှုန်းခန့် ပြန်လည်ရှင်သန်နိုင်အောင် လုပ်ဆောင်နိုင်ခဲ့ကြသည်က နီပေါနိုင်ငံအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်သလို ကျွန်တော်တို့အတွက် အားကျအတုယူဖွယ်ရာဟု ဆိုချင်ပါသည်။

> **မြန်မာနိုင်ငံတွင်လည်း ငလျင်ကြီးအပြီး ပြန်လည်ထူထောင်မှုလုပ်ငန်းစဉ်များကို** "New Vision Myanmar" **ဟူသော ကြွေးကြော်သံဖြင့် စတင်လုပ်ဆောင်နေပြီဖြစ်ပါသည်။ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်းသည် မြန်မာကျပ်ငွေ ၃၈၀၄ ဘီလီယံခန့်ရှိကြောင်း ထုတ်ပြန်ချက်များအရ သိရှိရပါသည်။ ယနေ့အထိ ပြည်တွင်းပြည်ပမှ အလှူငွေသည် အမေရိကန်ဒေါ်လာ ၂၃ သိန်းကျော်အပါအဝင် စုစုပေါင်းမြန်မာကျပ်ငွေ ၂၆၆ ဘီလီယံခန့် ရရှိပြီးဖြစ်ကြောင်း သိရှိရပါသည်။ ယခုနောက်ဆက်တွဲအဖြစ်** ADB (Asian Development Bank) **က မန္တလေးငလျင်ကြီးအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကူညီမည်ဟူသည့်သတင်းလည်း ကြားရပါသည်။ ယခုကဲ့သို့ ငွေပမာဏကို နှိုင်းယှဉ်ဖော်ပြရခြင်းမှာ မိမိတို့နိုင်ငံအနေဖြင့် သူတစ်ပါးနိုင်ငံထက် အဆပေါင်းများစွာ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းလုပ်ဆောင်ရမည့်ပမာဏကို ချိန်ထိုးနိုင်စေရန်ဖြစ်**

ထိုသို့ လုပ်ဆောင်နိုင်စွမ်းအစုစုတွင် လက်တွေ့ဘဝကိုထင်ဟပ်ပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သော အခြေအနေတစ်ခုကို ဖန်တီးနိုင်စွမ်းရှိသည့်၊ လူတိုင်းကို လုပ်ချင်ကိုင်ချင်စိတ်ဖြစ်ပေါ်လာအောင် စေ့ဆော်နိုင်စွမ်းရှိသည့် **"Nepal is Safe"** ဟူသည့် ဆောင်ပုဒ်က အခရာကျလှသည်ဟု ယုံကြည်မိပါသည်။

နီပေါငလျင်ကြီး (၂၀၁၅ ခုနှစ်) ဖြစ်ပြီးပြီးချင်းမှာပင် နီပေါနိုင်ငံက ပြန်လည်ထူထောင်နိုင်ရေးအတွက် **"Nepal is Safe"** ဟူသော ကြွေးကြော်သံနှင့်အတူ ပြည်တွင်းအားကိုသာမက နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းကာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ဆန်းစစ်နိုင်ခြင်းနှင့် ငလျင်အလွန်ကာလ ပြန်လည်ထူထောင်ရေး လိုအပ်ချက်တို့ကို ဖော်ထုတ်နိုင်ခဲ့သည်။ နိုင်ငံတကာ၏အကူအညီများ ရရှိနိုင်ရေးအတွက် **International Donors' Conference** ကျင်းပ၍ လိုအပ်ငွေကို အတိုင်းအတာ ပမာဏတစ်ခုအထိ ရရှိစေရန် စွမ်းဆောင်နိုင်ခဲ့သည်။

**"Build Back Better"** ကို ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ထောက်ပံ့ကူညီမှုများ ထိရောက်အကျိုးရှိအောင် လုပ်ဆောင်နိုင်ခဲ့သည်။ ပွင့်လင်းမြင်သာမှုနှင့် လျင်မြန်ချောမွေ့မှုရှိစေရန် **One-Door Policy**၊ **Open Data Initiative**၊ **Digital Data Collection**၊ **Hazard Mapping** စသည်တို့ကို အသုံးပြုနိုင်ခဲ့သည်။ **Public Awareness** ကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ပြန်လည်ထူထောင်မှုအရပ်ရပ်ကို ၁၀ နှစ်အကြာ စစ်တမ်းအဖြစ် ယခုနှစ်တွင် **Technical and Practical Survey(2025)**ကို ပြုလုပ်နိုင်ခဲ့ပြီး ကဏ္ဍစုံ၏ အားသားချက်/အားနည်းချက်များကို မှန်ကန်စွာ ဖော်ထုတ်နိုင်ခဲ့သည်။ အောင်မြင်မှုရရှိခဲ့သည့် မှတ်တိုင်များအဖြစ် အသိအမှတ်ပြုရမည် ဖြစ်ပါသည်။ မှတ်တမ်းများအရ နီပေါနိုင်ငံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံခန့် ကုန်ကျမည်ဟု တွက်ချက်ခဲ့ပြီး အမေရိကန်ဒေါ်လာ လေးဘီလီယံနီးပါး ပြည်ပအကူအညီများ (Grant/ Concessional Loan)အဖြစ် ရရှိခဲ့သည်ဟု ဆိုပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း ငလျင်ကြီးအပြီး ပြန်လည်ထူထောင်မှုလုပ်ငန်းစဉ်များကို **"New Vision Myanmar"** ဟူသော ကြွေးကြော်သံဖြင့် စတင်လုပ်ဆောင်နေပြီ ဖြစ်ပါသည်။ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းသည် မြန်မာကျပ်ငွေ ၃၈၀၄ ဘီလီယံခန့်ရှိကြောင်း ထုတ်ပြန်ချက်များအရ သိရှိရပါသည်။ ယနေ့အထိ ပြည်တွင်းပြည်ပမှ အလှူငွေသည် အမေရိကန်ဒေါ်လာ ၂၃ သိန်းကျော်အပါအဝင် စုစုပေါင်း မြန်မာကျပ်ငွေ ၂၆၆ ဘီလီယံခန့် ရရှိပြီးဖြစ်ကြောင်း သိရှိရပါသည်။ ယခုနောက်ဆက်တွဲအဖြစ် ADB (Asian Development Bank)က မန္တလေးငလျင်ကြီးအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကူညီမည်ဟူသည့်သတင်းလည်း ကြားရပါသည်။ ယခုကဲ့သို့ ငွေပမာဏကို နှိုင်းယှဉ်ဖော်ပြရခြင်းမှာ မိမိတို့နိုင်ငံအနေဖြင့် သူတစ်ပါးနိုင်ငံထက် အဆပေါင်းများစွာ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းလုပ်ဆောင်ရမည့် ပမာဏကို ချိန်ထိုးနိုင်စေရန်ဖြစ်ပါသည်။

ဤနေရာတွင် မိတ်ဆွေကောင်းပီသသည့် နှစ်နိုင်ငံကြား ကျေးဇူးတရားကို အလျဉ်းသင့်ခိုက် ဖော်ထုတ်လိုပါသည်။ ၂၀၁၅ ခုနှစ် နီပေါငလျင်ကြီး ဖြစ်ပွားစဉ်က မြန်မာနိုင်ငံက ကူညီထောက်ပံ့မှုများ ဆောင်ရွက်ခဲ့သလို ယခုနှစ် မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး ဖြစ်ပွားခဲ့ရာတွင်လည်း နီပေါနိုင်ငံက တပ်မတော်လေယာဉ်ဖြင့် ဆေးကာကွယ်အဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့မှုအပြင် စာနာထောက်ထားမှုစာလွှာများ၊ အဖွဲ့အစည်းအသီးသီးမှ တစ်ပိုင်တစ်နိုင် လှူဒါန်းမှုများကို ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းကူညီမှုများသည် အမှန်တကယ် လိုအပ်နေချိန်တွင်ရရှိခဲ့သည့် အကူအညီများဖြစ်သဖြင့် ထိရောက်အကျိုးရှိသည်သာမက မိတ်ဆွေရင်းပမာ စာနာထောက်ထားမှုများအတွက် များစွာကျေးဇူးတင်ရှိရပါသည်။

စင်စစ်အားဖြင့် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပါသည်။ နီပေါနိုင်ငံ၏ ငလျင်အပြီး ပြန်လည်ထူထောင်မှုလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက်လေ့လာပြီး မိမိနိုင်ငံအခြေအနေနှင့်ကိုက်ညီသောအချက်များကို အသုံးချနိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ပြန်လည်ထူထောင်မှုလုပ်ငန်းစဉ်များတွင် သင့်တင့်သည့် အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ကောင်းများ ရရှိစေမည်ဟု မျှော်လင့်မိပါသည်။

နီပေါနိုင်ငံက **"Nepal is Safe"** ဟူသော လက်တွေ့ဘဝနှင့်ထင်ဟပ်သည့် ဆောင်ပုဒ်ကို ကမ္ဘာသိကြွေးကြော်ကာ နီပေါငလျင်ကြီးအပြီး ပြန်လည်ထူထောင်မှုလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိခဲ့ပါသည်။ မြန်မာနိုင်ငံသည်လည်း မန္တလေးငလျင်ကြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို **"New Vision Myanmar"** ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားလျက် ဆောင်ရွက်နေပြီဖြစ်ပါသည်။

သို့ဖြစ်ရာ **"New Vision Myanmar"** ဟူသော ဆောင်ပုဒ်ကို မြန်မာတိုင်း၏စိတ်ဝယ် ကိန်းအောင်းပြီး ယုံကြည်မှုရှိရှိ၊ ရပ်တည်ချက်ခိုင်ခိုင်ဖြစ်စေရန် ပြုစုပျိုးထောင်ရပါဦးမည်။ **"New Vision Myanmar"** ဟူသော ဆောင်ပုဒ်ကို တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ဖြစ်အောင် ကျယ်ကျယ်ပြန့်ပြန့် **Promotion** ဆက်လက်လုပ်ဆောင်ရပါဦးမည်။ ပြည်တွင်း/ပြည်ပမှ ထိရောက်သောအကူအညီများ ရနိုင်သမျှ ရရှိနိုင်အောင် တိုးမြှင့်ကြိုးပမ်းကြရပါဦးမည်။ ပြည်တွင်းအားကို ပိုမိုကျစ်လျစ်ခိုင်မာအောင် စည်းရုံးတည်ဆောက်ကြရပါဦးမည်။

**"New Vision Myanmar"** ဖြစ်/မဖြစ် ဆိုသည်ကတော့ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတိုင်း၏ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်စွမ်းပေါ်တွင် မူတည်နေမည်သာဖြစ်ပါသည်။ ။

> **နီပေါနိုင်ငံသည်** "Nepal is Safe" **ဟူသော ဆောင်ပုဒ်ကို ရပ်သိ၊ ရွာသိ၊ ကမ္ဘာသိ ကြွေးကြော်ကာ ပြည်တွင်း၏အင်အားအပြင် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ထားနိုင်ခြင်း၏ အသီးအပွင့်တို့ကို ထိထိရောက်ရောက်အသုံးချနိုင်ခဲ့သည်ဟု ဆိုရပါမည်။ ပြည်ပ၏အကူအညီနှင့် ထောက်ပံ့မှုတို့ကို ကြီးကြီးမားမားရရှိအောင် စွမ်းဆောင်နိုင်ခဲ့သလို လုပ်သင့်လုပ်ထိုက်သောလုပ်ငန်းစဉ်များကို ကာလံဒေသံနှင့်အညီ လုပ်ဆောင်နိုင်မှု၊** IT **နည်းပညာကို ထိရောက်စွာအသုံးချနိုင်မှု၊ မှန်ကန်သင့်မြတ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်စွမ်းရှိမှု၊ ပွင့်လင်းမြင်သာမှုကိုအခြေခံပြီး ပြည်သူတို့၏အားကိုရယူကာ ကြိုးပမ်းအားထုတ်ခဲ့မှုအစုစုတို့ကြောင့် ငလျင်ကြီးအပြီး ၁၀ နှစ်တာခရီးဝယ် ကဏ္ဍပေါင်းစုံကို ၈၀ ရာခိုင်နှုန်းခန့် ပြန်လည်ရှင်သန်နိုင်အောင် လုပ်ဆောင်နိုင်ခဲ့ကြသည်က နီပေါနိုင်ငံအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်သလို ကျွန်တော်တို့အတွက် အားကျအတုယူဖွယ်ရာဟု ဆိုချင်**

# အခြေခံပညာဦးစီးဌာန
# ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
# (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

ဇီဝဗေဒ + ဘောဂဗေဒဘာသာရပ်

ရက်စွဲ။ ၂၁-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၀ | ၅၃၀၂ | ၈၅၈၂ | ၅၇ | ၅၇ | ၁၁၄ | ၉၈.၆၉% | ၁.၃၁% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၃ | ၄၉၆၇ | ၈၀၄၀ | ၆၅ | ၁၀၀ | ၁၆၅ | ၉၇.၉၉% | ၂.၀၁% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၃ | ၁၉၃၇၇ | ၃၃၇၆၀ | ၂၇၅ | ၂၀၆ | ၄၈၁ | ၉၈.၆၀% | ၁.၄၀% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၃၉ | ၃၆၆၄၉ | ၆၂၇၈၈ | ၄၆၂ | ၄၂၃ | ၈၈၅ | ၉၈.၆၁% | ၁.၃၉% | |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဆင္ဍမနေ့ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်ဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းခွဲ စာစစ်ဌာန၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးနေ့ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်ကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ကျစာမေးပွဲကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာ ဆရာမများ စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျဆောင်ရွက်နေမှုများနှင့်ကျောင်းသားကျောင်းသူများစိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ(အလက-၃)နှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတို့၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှုနှင့် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စာစစ်ဌာန စုစုပေါင်း ၄၇ ခု၌ စာမေးပွဲဖြေဆိုရန် စာရင်းရှိဦးရေ စုစုပေါင်း ၁၂၅၃၁ ဦးရှိပြီး ဖြေဆိုသူ ၁၂၄၀၆ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၀ ရာခိုင်နှုန်းဖြေဆိုကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဆင္ဍမနေ့ ဇီဝဗေဒဘာသာရပ်နှင့်ဘောဂဗေဒဘာသာရပ်ကိုနေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ ၂၉ ခရိုင်၊ ၅၈ မြို့နယ်တို့တွင် စာစစ်ဌာန စုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စာရင်းရှိဦးရေ ၆၃၆၇၃ ဦးရှိပြီး ဖြေဆိုသူ ၆၂၇၈၈ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသ ၆၁ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးဇင်မင်းထက် ၂၀၂၅ ခုနှစ် (၁၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အခမ်းအနားသို့ တက်ရောက်ပြီး အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကြည့်ရှုအားပေး



**ရန်ကုန် ဇွန် ၂၁**

၂၀၂၅ ခုနှစ် (၁၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ Emcee, Director, Dr. Ashish Kumar က နှုတ်ခွန်းဆက်စကားပြောကြား၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က အမှာစကားပြောကြားပြီး ယောဂကျင့်စဉ်သမိုင်းကြောင်းကို Video Clip ဖြင့်ပြသကာ ယောဂသင်တန်းကျောင်းမှ ဆရာမနှစ်ဦးက ယောဂကျင့်စဉ်များကို ဦးဆောင်သရုပ်ပြသသည်။

ယင်းနောက် Emcee, Director, Dr.Ashish Kumar က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က အမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံသို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲတွင် ပဏာမလက်ရွေးစင် ဘော်လီဘော (ခ) အသင်းနှင့် (ဂ)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုရရှိသည့် အသင်းတို့မှ အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြည်မြို့နယ်၌ မျိုးစေ့ထုတ်စိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲကျင်းပ

**ရေကြည် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာတောင်သူ ဦးနိုင်ဝင်းဆွေ၏ လယ်မြေငါးဧကတွင် အောင်နိုင်တိုးမျိုးစပါးကို ပျိုးဗန်းနှင့်ပျိုးထောင်၍ မျိုးစေ့ထုတ်စိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၈ နာရီက ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ခရိုင်မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းနောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဇော်လင်းက အောင်နိုင်တိုး မျိုးစပါးထည့်သွင်းခြင်း၏ ရေရှည်အကျိုးဖြစ်ထွန်းမှု၊ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရေးကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ထွန်းလင်းက သရုပ်ပြပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ထည့်သွင်းစိုက်ပျိုးထားရှိမှု အခြေအနေကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဆက်လက်ဖြေဆို

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ပညာတတ်အရင်းအမြစ်များ ပေါ်ကြွယ်ဝရေးအတွက် မျိုးဆက်သစ် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးကို အဓိကထား အလေးပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ကျောင်းသား ကျောင်းသူများအား ဇွန် ၁၆ ရက်မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များမှ စာစစ်ဌာနအသီးသီး၌ စာမေးပွဲများ ကျင်းပပေးလျက်ရှိသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့်ဘောဂဗေဒဘာသာရပ်တို့ကိုဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၆၂၇၈၈ ဦး(ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း)ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စာမေးပွဲများကျင်းပနေသည့် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျ စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



စစ်ကိုင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုလျက်ရှိသည်ကို တွေ့ရစဉ်။ နေလင်းအောင်(ပြန်/ဆက်)



ညောင်ဦးမြို့နယ်၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုလျက်ရှိသည်ကို တွေ့ရစဉ်။ ဒီပါလင်း



ပျော်ဘွယ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုလျက်ရှိသည်ကို တွေ့ရစဉ်။ မင်းမင်းထွေး(ပျော်ဘွယ်)



ငါန်းဇွန်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုလျက်ရှိသည်ကို တွေ့ရစဉ်။ သက်နောင်ဦး(ငါန်းဇွန်)



ကျောက်ပန်းတောင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများနှင့် လာရောက်ကြိုဆိုသည့် မိဘများကို တွေ့ရစဉ်။ သဲသဲ(ပြန်/ဆက်)



မြင်းခြံမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများနှင့် လာရောက်ကြိုဆိုသည့် မိဘများကို တွေ့ရစဉ်။ ကျော်စွာ(မြင်းခြံ)



သာစည်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



မြစ်သားမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဝါဝါမြင့်(မြစ်သား)

# မငြိမ်းချမ်းတော့သည့်ကမ္ဘာကြီးနှင့် ကိုယ့်နိုင်ငံ ကိုယ်တိုင်ဖျက်နေကြသူများ

မိုးမြင့်

**စစ်ကိုတားနေတဲ့ကြားထဲကပဲ စစ်ပွဲတွေဖြစ်ပြန်တယ်။ နိုင်ငံတကာဆွေးနွေးပွဲတွေနဲ့ အဖြေရှာနေတဲ့ကြားက အီရန်– အစ္စရေးစစ်ထပ်ဖြစ်ရတယ်။ အီရန်နဲ့အစ္စရေးဆိုတာ အရှေ့အလယ်ပိုင်းက ထာဝရရန်သူတွေ။ ရုရှား– ယူကရိန်း ပဋိပက္ခကြည့်ပြန်တော့ တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပဖို့ တစ်ရက်အလိုကျမှ ယူကရိန်းက ရုရှားကို ဝင်တိုက်ခဲ့တဲ့အတွက် ရုရှား– ယူကရိန်း ပဋိပက္ခကလည်း ပြီးဆုံးဖွယ်မမြင်။**

**❛❛ကမ္ဘာသူ ကမ္ဘာသားအားလုံးက ဘယ်နေရာက၊ ဘယ်စစ်ပွဲမှ မမြင်လို မကြားလိုတော့ပါ။ စစ်ဖြစ်ရင် ကြားက မြေစာပင်ဟာ ပြည်သူတွေပဲဖြစ်တယ်။ စစ်ကိုရပ်ဖို့ဆိုရင် အဓိကကျသူက နှစ်ဖက်စစ်ထဲပါနေသူတွေပါပဲ။ နှစ်ဦးစလုံး ရပ်ကြမှ စစ်ကငြိမ်းပါမယ်။ နှစ်ဖက်မှာ တစ်ဖက်ဖက်က ရပ်လိုတဲ့ဆန္ဒမရှိလည်း စစ်ကမပြီးပါဘူး။ နှစ်ဖက်စလုံး ရပ်ချင်ပေမယ့် ဘေးကမြှောက်ပေးနေသူတွေကိုယ်တိုင် စစ်ကိုဆွဲဆန့်စေချင်လည်း စစ်ကမပြီးပါဘူး။ တစ်ဖက်ဖက်စီ လက်နက်၊ ငွေကြေး ပံ့ပိုးနေတဲ့နိုင်ငံတွေရဲ့ အခန်းကဏ္ဍက ပိုလို့တောင်အရေးကြီးပါတယ်။ တစ်ခါတစ်ရံ စစ်ပွဲနွှဲနေတဲ့ ကာယကံရှင်နိုင်ငံရဲ့အကျိုးစီးပွားထက် ဘေးကအားပေးထောက်ကူတဲ့နိုင်ငံရဲ့ အကျိုးစီးပွားက ပိုအရေးကြီးသွားတဲ့အခါ ဒီစစ်ပွဲက ဘယ်တော့မှ ပြီးဆုံးဖွယ်ရာလမ်းမမြင်ပါ။ သူတို့ကြောင့်ပဲ ပဋိပက္ခတွေ၊ စစ်ပွဲတွေဟာ တာရှည်သွားရတယ်❜❜**

ငြိမ်းချမ်းရေးရဖို့ ဘယ်လောက်ခက်ခဲကြောင်း ပြနေကြတာ။ ပညာနဲ့မဖြေရှင်းဘဲ လက်နက်နဲ့ ဖြေရှင်းနေကြသရွေ့ စစ်ဝဲသြဃအတွင်းမှာ ကမ္ဘာကြီး လွတ်လမ်းမမြင်။ ယခုတစ်ကြိမ် အီရန်– အစ္စရေး စစ်ပွဲကတစ်ဆင့် တတိယကမ္ဘာစစ်ဆီ ဦးတည်နေပြီလား၊ လူသားတွေရဲ့ စိုးရိမ်မှုကို ဥပေက္ခာပြုတဲ့ ဘေးတီးဖန်တီးမှုတွေကလည်း ရှိနေပြန်ဆိုတော့ ကံကောင်းတယ်ပဲ ပြောရမလား၊ အတုယူစရာ ဖြစ်ခဲ့တယ် ပြောရမလား၊ ကျွန်တော်တို့ အရှေ့တောင်အာရှနဲ့ တောင်အာရှက ခေါင်းဆောင်တွေကြားမှာ ပညာနဲ့ဖြေရှင်းနိုင်ခဲ့တဲ့အတွက် ဖြစ်နေတဲ့ စစ်ပွဲ၊ ဖြစ်ခါနီးစစ်ပွဲနှစ်ခုဟာ နာရီပိုင်း၊ ရက်ပိုင်း အတွင်း ပြီးစီးခဲ့ပြီး ပြည်သူတွေကို စိတ်အေးစေခဲ့ခြင်းဟာ ပညာနဲ့ လက်နက်အရာမှာ ပညာကို အားကိုးခဲ့ကြလို့ဆိုတဲ့ သင်ခန်းစာတစ်ခုကို ရခဲ့တယ်။ သို့သော်လည်း ယနေ့ကမ္ဘာကြီးအခြေအနေက ဘယ်လိုမှ အားရှိစရာမရှိ။

## စစ်လိုလားနေသူတွေကြောင့်သာ

ဇွန်လ ၁၃ ရက်နေ့ကစခဲ့တဲ့ အီရန်–အစ္စရေး စစ်ပွဲကိုပဲကြည့်ပါ။ အတိတ်က မိတ်ဆွေတွေဖြစ်ခဲ့ပြီးမှ အမြဲတမ်းရန်သူတော်တွေဖြစ်သွားရတဲ့ အီရန်– အစ္စရေးနှစ်နိုင်ငံအကြား လေကြောင်းတိုက်ပွဲတွေနဲ့ အဆုံးအဖြတ်လည်း မပေးနိုင်သေး၊ ငြိမ်းချမ်းရေးလည်းမရ၊ ပြင်းထန်တဲ့ နာတာရှည်ရောဂါကြီးဖြစ်နေတာ အတော်ကြာခဲ့ပါပြီ။ ယခုနောက်ဆုံးစစ်ပွဲက အီရန်မှာ နျူကလီးယားလက်နက်ပိုင်ဆိုင်သွားမှာ အစ္စရေးနဲ့ အမေရိကန်က ကြောက်လန့်လို့၊ ပါရှန်းအင်ပါယာကြီးကို ဖြိုခွဲလိုတဲ့ အစ္စရေးနဲ့ အမေရိကန်တို့ကြောင့်၊ ဖြစ်နိုင်ဖွယ် အခြားအခြားသော အကြောင်းကြောင်းတွေကြောင့် အီရန်ကို အစ္စရေးက စတင်တိုက်ခိုက်ရာက ဖြစ်ပွားနေတဲ့စစ်ပွဲပါပဲ။ ဒီအယူအဆတွေကို ထင်ဟပ်စေတဲ့ တချို့နိုင်ငံရေးသမားတွေရဲ့ အပြုအမူတွေ၊ ပြောစကားတွေအရဆိုရင် ကမ္ဘာပေါ်မှာ တချို့ခေါင်းဆောင်တွေဟာ စစ်ကိုအတော်ကြိုက်ပုံရတယ်။ စစ်မီးဟုန်းဟုန်းတောက်သွားရမယ်ဆိုတဲ့ အပြန်အလှန် ခြိမ်းခြောက်စကားတွေ၊ ဆေးရုံမရှောင်၊ ကလေးလူကြီးမရှောင် ပစ်ခတ်သတ်ဖြတ်နေတဲ့ အနိဋ္ဌာရုံတွေကို အလွှန်နှစ်သက်သူတွေရှိနေကြသလို သူတို့ကို ထောက်ပံ့သူတွေကလည်း ပျော်ပျော်ကြီး ထောက်ပံ့နေကြဆဲပဲ။

တချို့စစ်ပွဲတွေဟာ လက်နက်၊ ငွေကြေးပံ့အောထောက်ပံ့သူတွေရဲ့အလိုဆန္ဒအရ ဖြစ်ကြရတယ်ဆိုတဲ့အချက်ဟာ ယနေ့ယူကရိန်းနဲ့ အစ္စရေးကို ထောက်ပံ့နေတဲ့ အနောက်အုပ်စုနဲ့ အမေရိကန်ကို ပြောနေတာပဲ။ သူတို့ဟာ သူတို့အကျိုးစီးပွားအတွက် ဒေသတွင်းမှာ စစ်ပွဲတွေပုံဖော်နေကြခြင်းဖြစ်တယ်။ စစ်ပွဲမဟုတ်တဲ့ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှာ ICE ဆန့်ကျင်ရေး အကြမ်းဖက်ဆန္ဒပြပွဲတွေမှာတောင် ငွေကြေးထောက်ပံ့တယ်လို့ စွပ်စွဲချက်နဲ့ ဂျော့ဆိုးရော့ဇ်ကြီးတစ်ယောက် ကွန်ဂရက်ရှေ့မှောက်အစစ်ခံရမယ့် အခြေအနေကို ရင်ဆိုင်နေရတာကြည့်ရင် သိနိုင်ပါတယ်။

အစ္စရေးနဲ့ပတ်သက်တဲ့ ကမ္ဘာ့အရေးအခင်းတွေမှာ အမေရိကန်က အစ္စရေးလုပ်သမျှ ကြီးကြီးကျယ်ကျယ် ဘာမှတားဆီးခဲ့တာမရှိဘူး။ အမြဲလိုလို အမေရိကန်က အစ္စရေးဘက်က အမြဲရပ်တည်ပေးပြီး အီရန်ကို တစ်ဖက်သတ် ဒဏ်ခတ်ပိတ်ဆို့ထားတာကြာပါပြီ။ အခုလည်း အမေရိကန်နဲ့ အင်္ဂလန်တို့လုပ်ရပ်က ရန်ဘက်တွေအကြား စစ်ကိုတားဆီးဖို့၊ စစ်ကိုရပ်တန့်ဖို့ အသင့်မဖြစ်တဲ့အပြင် မီးလောင်ရာလေပင့်သလို အပြုအမူတွေသာ ပြုလုပ်နေကြတယ်။ ဒီလိုပရမ်းပတာအခြေအနေမှာ ကမ္ဘာ့ပြည်သူတွေရဲ့စိုးရိမ်စိတ်ကို ဘယ်နိုင်ငံ၊ ဘယ်ခေါင်းဆောင်တွေကများ လျှော့ချပေးနိုင်မလဲ။

## အားလုံးက သူ့အကြောင်းတရားနဲ့သူ ပေါင်းစုံညီညွတ်၍သာ

ကမ္ဘာသူ ကမ္ဘာသားအားလုံးက ဘယ်နေရာက၊ ဘယ်စစ်ပွဲမှ မမြင်လို မကြားလိုတော့ပါ။ စစ်ဖြစ်ရင် ကြားက မြေစာပင်ဟာ ပြည်သူတွေပဲဖြစ်တယ်။ စစ်ကိုရပ်ဖို့ဆိုရင် အဓိကကျသူက နှစ်ဖက်စစ်ထဲပါနေသူတွေပါပဲ။ နှစ်ဦးစလုံး ရပ်ကြမှ စစ်ကငြိမ်းပါမယ်။ နှစ်ဖက်မှာ တစ်ဖက်ဖက်က ရပ်လိုတဲ့ဆန္ဒမရှိလည်း စစ်ကမပြီးပါဘူး။ နှစ်ဖက်စလုံး ရပ်ချင်ပေမယ့် ဘေးက မြှောက်ပေးနေသူတွေကိုယ်တိုင် စစ်ကိုဆွဲဆန့်စေချင်လည်း စစ်ကမပြီးပါဘူး။ တစ်ဖက်ဖက်စီ လက်နက်၊ ငွေကြေး ပံ့ပိုးနေတဲ့နိုင်ငံတွေရဲ့ အခန်းကဏ္ဍက ပိုလို့တောင် အရေးကြီးပါတယ်။ တစ်ခါတစ်ရံ စစ်ပွဲနွှဲနေတဲ့ ကာယကံရှင်နိုင်ငံရဲ့ အကျိုးစီးပွားထက် ဘေးကအားပေးထောက်ကူတဲ့ နိုင်ငံရဲ့အကျိုးစီးပွားက ပိုအရေးကြီးသွားတဲ့အခါ ဒီစစ်ပွဲက ဘယ်တော့မှ ပြီးဆုံးဖွယ်ရာ လမ်းမမြင်ပါ။ သူတို့ကြောင့်ပဲ ပဋိပက္ခတွေ၊ စစ်ပွဲတွေဟာ တာရှည်သွားရတယ်။ ဥပမာ ယူကရိန်းစစ်အတွက် တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့မှာ နှစ်ဖက်ငြိမ်းချမ်းရေး စကားပြောမယ့်နေ့မတိုင်ခင် တစ်ရက်မှာမှ ယူကရိန်းက ရုရှားနိုင်ငံ အတွင်းပိုင်းထဲအထိဝင်ပြီး မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်တွေနဲ့ တိုက်လေယာဉ်တွေကို အလစ်အငိုက်ဝင်တိုက်ခဲ့တဲ့အတွက် ပျက်စီးခဲ့ရတဲ့ စစ်ရပ်စဲရေးမျှော်လင့်ချက် ဘယ်သူ့ကြောင့်လို့ ထင်ပါသလဲ။ စစ်ကိုမရပ်စေချင်တဲ့ အင်္ဂလန်နဲ့ NATO တို့ရဲ့ ဆန္ဒပြည့်ဝခဲ့ပြီး စစ်ရပ်စဲချင်နေတဲ့ ရုရှားနဲ့ ထရမ့်တို့ရဲ့ အိပ်မက်ပျက်သွားခဲ့ရခြင်းနောက်ကွယ်မှာ ဘယ်လိုအကြောင်းတရားတွေ ရှိခဲ့ပါသလဲ။

ရုရှားနိုင်ငံတော်ကြီး ပျက်သုဉ်းချည့်နဲ့စေရေး အကြောင်းတရားတစ်ခုနဲ့ စတင်ခဲ့တဲ့ ယူကရိန်းစစ်ပွဲ၊ ရုရှားနိုင်ငံကြီး ဆက်လက်အင်အားယုတ်လျော့အောင်၊ ရုရှားနဲ့ယူကရိန်းတို့ ငြိမ်းချမ်းရေးဘယ်တော့မှ မရအောင်၊ ယခုဖြစ်လာနေတဲ့ အရှေ့အလယ်ပိုင်း အရေးအခင်းဘက် ရုရှားလှည့်မကြည့်နိုင်အောင် တစ်နည်း ရုရှားက မဟာမိတ်အီရန်ဘက် မကူညီနိုင်အောင်၊ အီရန်ကို အစ္စရေးက စိတ်တိုင်းကျလုပ်နိုင်အောင် ကြိုတင်စီမံထားတဲ့ ဖန်တီးမှုတွေပဲလား။ မတွေးလို့မရတဲ့ အခြေအနေတွေ ရှိနေပါတယ်။

ထိုနည်းတူ အစ္စရေးကရော အီရန်ကို နျူကိစ္စတစ်ခုတည်းကြောင့်ပါ၊ အီရန်က အကြမ်းဖက်တွေကို အားပေးနေတယ်ဆိုတဲ့ အကြောင်းပြချက်တွေအပြင် အခြားသော အကြောင်းတရားတွေ ရှိနေနိုင်ပါသေးသလား စသည်ဖြင့် ဒီထက်ပိုနိုင်တာတွေလည်း ရှိနိုင်ပါတယ်။ မကြာသေးခင်က တရုတ်နိုင်ငံရဲ့ ကမ္ဘာပတ်ပိုးလမ်းမစီမံကိန်းကြီး အီရန်နဲ့ ချိတ်ဆက်မိသွားတဲ့ အခြေအနေကပဲ ဒီစီမံကိန်းကို ဖျက်လိုတဲ့ အမေရိကန်က စစ်ကို ဖန်တီးပေးလိုက်သလို ဖြစ်သွားသလား တွေးဆစရာပါ။

## စစ်မှန်သမျှ ရပ်သင့်ပါပြီ

ဘယ်လိုအကြောင်းတရားတွေနဲ့ စစ်ကို စခဲ့ကြတာဖြစ်ပါစေ၊ အပြစ်မဲ့လူသားတွေကို သနား၍ ပျက်စီးသွားတဲ့ သယံဇာတအရင်းအမြစ်တွေကို ငဲ့ညှာပြီး စစ်ကို ရပ်သင့်ကြပါပြီ။ ဘယ်သူနိုင်နိုင် စစ်ဖြစ်တဲ့ တိုင်းပြည်၊ မြို့ရွာမှန်သမျှ ပျက်စီးရစမြဲပါ။

**စာမျက်နှာ ၁၁ သို့ ❂**

- **❖ အီရန်-အစ္စရေးစစ်ကနေ အဓိက ဘာသင်ခန်းစာရသလဲဆိုရင် သတိထားမိတဲ့အချက်က မိမိနိုင်ငံရဲ့ အချုပ်အခြာ အာဏာ ချိုးဖောက်မခံရစေဖို့အတွက် မိမိတို့ရဲ့စစ်ရေး၊ စီးပွားရေးအင်အားကို အခိုင်အမာတည်ဆောက်ထားဖို့ လိုတယ်ဆိုတဲ့အချက်ပါပဲ။ စီးပွားရေးပါဝါထက် လက်နက်ပါဝါကတောင် ရေတိုမှာ ပိုအရေးကြီးပါတယ်**
- **❖ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုလည်း အားကောင်းအောင် တည်ဆောက်ထားဖို့လိုကြောင်း တွေ့ရတယ်။ စိတ်ဓာတ်ဆိုတဲ့နေရာမှာ အချင်းချင်းသစ္စာရှိမှုနဲ့ မျိုးချစ်စိတ်ဓာတ်ကနေ ရေပက်မဝင်တဲ့ စည်းလုံးညီညွတ်မှုမျိုးရှိနေဖို့လည်း အရေးကြီးပြန်တယ်။ ရန်သူကို သူနိုင်ကိုယ်နိုင် အပြိုင်ကြဲနိုင်ပေမယ့် ပြည်တွင်းမှာ အချင်းချင်းသစ္စာပျက်ယွင်းတဲ့ သစ္စာဖောက်တွေကြောင့် စစ်ဘက်နဲ့ ပညာရှင်တွေလုပ်ကြံခံရတဲ့ နမူနာမျိုးတွေ၊ အပြင်နဲ့အတွင်း ဟန်ချက်ညီညီဖြစ်လာနိုင်တဲ့ အဖျက်အမှောင့် ဖော်ဆောင်မှုတွေကို သတိထားဖော်ထုတ်ဖို့လည်း အရေးကြီးပြန်တယ်။ ကိုယ့်ဘက်က အားမကောင်းရင် အစော်ကားခံရမယ်။ အားကောင်းအောင် အင်အားတည်ဆောက်ရမယ့်အချိန်ဖြစ်တဲ့အပြင် မိတ်ဆွေစစ် မိတ်ဆွေမှန်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လည်း လိုပါတယ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ဟုမ္မလင်းမြို့နယ်ရှိ ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ရေးလုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေး

မုံရွာ ဇွန် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပြည်သူများ၏ လူမှုစီးပွားဘဝနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ၏ထုတ်ကုန်များအားလွယ်ကူမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံတော်မှ ဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ လက်ထောက်ညွှန်ကြားရေးမှူးက ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှု၊ ချင်းတွင်းမြစ်အရှေ့ဘက်ခြမ်း ပင်းမာကျေးရွာနှင့် ထမံသီကျေးရွာ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတို့ရှိ တံတားကြီးတည်ဆောက်နေမှုလုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ တံတားကြီး၏အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့ရှိ ချဉ်းကပ်လမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆောက်လုပ်မှုကုန်ကျစရိတ်ပြောင်းလဲမှုမရှိစေရန်နှင့် အသုံးပြုမည့်ပြည်သူများ အချိန်စောစွာအကျိုးခံစားရစေရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလတွင် ပြီးစီးအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိုးတွင်းကာလရောက်ပြီဖြစ်၍ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ချင်းတွင်းမြစ်ရေကြီးမှုတို့ကြောင့် မလိုအပ်သည့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး ကြိုတင်မြော်တွေးကာ လိုအပ်သည်များကို စီမံဆောင်ရွက်ထားရှိရန် မှာကြားသည်။

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)သည် ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီးမြို့-ပန်ဆပ်-ဆွမ္မရာမြို့လမ်းပေါ်တွင် ချင်းတွင်းမြစ်အားဖြတ်၍ တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတားအခန်းပေါင်း ၁၅ ခန်း၊ ရေလမ်းကင်းလွတ် အမြင့်ပေ ၄၀ (HFL) ဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဇမ္ဗူသီရိမြို့နယ်၌ ပြည်သူများ မြွေအန္တရာယ်ကင်းရှင်းစေရေးနှင့် အရေးပေါ်ကုသမှုဆောင်ရွက်နိုင်ရေး အသိပညာပေး

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိယာယီတည်းခိုရေးစခန်းတွင် ငလျင်ဘေးဖြစ်ပွားမှုကြောင့် နေထိုင်လျက်ရှိသည့် ပြည်သူများအား နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏လမ်းညွှန်မှုဖြင့် မြွေအန္တရာယ်ကင်းရှင်းစေရေးနှင့် မြွေအန္တရာယ်ကြုံတွေ့လာပါက အရေးပေါ်ကုသမှုဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အဆိုပါယာယီတည်းခိုရေးစခန်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်း၊ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းပြည်သိမ်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ပြည်သူများနှင့် ကြက်ခြေနီအဖွဲ့ဝင်များအား မြွေအန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် မြွေအန္တရာယ်ကြုံတွေ့လာပါက ဆောင်ရွက်ပြုမူရမည့်အချက်များအား စာတွေ့လက်တွေ့သရုပ်ပြမှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ကို (ပုဗ္ဗသီရိ)**

❂ စာမျက်နှာ ၁၀ မှ

စစ်ရဲ့သက်ရောက်မှုက ကြာရှည်သွားရင် ကျယ်ပြန့်သွားတတ်တယ်။ သူ့ဘက်၊ ကိုယ့်ဘက်အားပေးသူတွေဝင်ပါခဲ့ရင် အခြေအနေ ပိုဆိုးသွားဖို့ပဲရှိတယ်။ စစ်ကိုရပ်တန့်ဖို့ မကြိုးစားဘဲ အားပေးအားမြှောက်ဆက်ပြုခြင်း၊ အပြန်အလှန်ခြိမ်းခြောက်နေခြင်းက ကမ္ဘာစစ်ကြီးအထိ ဖြစ်သွားနိုင်တယ်။ ဒီအဆင့်ထိ အရောက်ခံလို့ဖြစ်ပါ့မလား။ ဉာဏ်စွမ်း၊ ဝီရိယစွမ်း၊ ပညာစွမ်းအားကြီးကြီးနဲ့ ယနေ့ကမ္ဘာ့ခေါင်းဆောင်တွေ ဝိုင်းဝန်းအဖြေရှာ အားထုတ်သင့်ပါပြီ။

ဘယ်လို ပဋိပက္ခပဲဖြစ်ဖြစ် နိုင်ငံရေးနဲ့ သံတမန်နည်းလမ်းတွေကသာ အဓိကဖြစ်ပါတယ်။ နိုင်ငံတွေအနေနဲ့လည်း မိမိနဲ့အလွမ်းသင့်ရာ မိတ်ဖက်အပေါ်မှာ အလွန်အကျွံ မြှောက်မပေးသင့်ပါ။ လက်ရှိပဋိပက္ခကို တိုးချဲ့ဖို့ကြိုးစားသူဟာ ကျွန်တော်တို့အမြင်အရတော့ ဒီအချိန်မှာ တကယ်အရူးအမိုက်တစ်ယောက်သာပါပဲ။ အပြုသဘောဆောင်ပြီး မျှမျှတတရှိတဲ့ အနေအထားကသာ ရပ်တည်သင့်ပါတယ်။ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပါဝင်သူတွေအနေနဲ့ လူသားချင်းစာနာစိတ်နဲ့ နိုင်ငံတကာပြည်သူတွေရဲ့စိုးရိမ်မှုကို ထည့်သွင်းစဉ်းစားပြီး အဖြေရှာသင့်ပါတယ်။

ဒါ့အပြင် စဉ်းစားရမှာက ယနေ့စစ်ပွဲတွေကို ဖန်တီးသူတွေက ဘာကိုထားခဲ့လို့၊ ဘာတွေ ယူသွားကြမှာလဲ။ သေချာတာကတော့ သားစဉ်မြေးဆက် အငြိုးအတေးတွေ၊ အာဃာတတွေပဲ ကျန်ခဲ့တာပါ။ ဘာကောင်းတဲ့အရာတွေကို ထားခဲ့နိုင်လို့ပါလဲ၊ လက်ရှိဖြစ်ပျက်နေတဲ့ စစ်ပွဲအခြေအနေတွေအရ ဘယ်ဘက်မှာ အကျိုးကျေးဇူးတွေ ပိုဖြစ်ထွန်းနေလို့လဲ၊ နှစ်ဖက်ပျက်စီးတာပဲရှိတယ်၊ တင်းမာမှုတွေ ပိုတိုးလာတာပဲ ရှိပါတယ်။ ယခု အီရန်-အစ္စရေးစစ်မှာပင် နျူကလီးယားဆွေးနွေးပွဲလည်း ပျက်သွားခဲ့ရပြီ။ ဒေသတွင်းပဋိပက္ခ အသွင်ပြောင်းလာပြီး

**❝ နောက်တစ်ချက်သတိထားမိတာတစ်ခုက ဂါဇာကအဖြစ်အပျက်တွေ၊ တဲလ်အဗစ်၊ ဟိုင်ဖာ၊ တီဟီရန် စတဲ့မြို့တွေက ဆိုးရွားလှတဲ့အဖြစ်အပျက်တွေ ကြည့်ပြီး ကျွန်တော်တို့နိုင်ငံတပ်မတော်က ပြည်တွင်းသောင်းကျန်းသူတွေ အပေါ် ညင်သာတဲ့ကိုင်တွယ်ပုံနဲ့ နှိုင်းယှဉ်ကြည့်ရင် ခြားနားချက်အများအပြားကို တွေ့ရလိမ့်မယ်လို့ ယူဆတယ်။ တကယ်တော့ ကိုယ့်နိုင်ငံက ခေါင်းဆောင်တွေဆိုတာ ကိုယ့်နိုင်ငံ၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ပြည်သူကို ဘယ်တော့မှ မဖျက်ဆီး မပျက်စီးစေရဘူးဆိုတဲ့စိတ် အမြဲရှိတယ်။ ဘယ်သူသေသေ ငါတို့နိုင်ငံသားတွေရဲ့ အသက်ပဲဆိုတဲ့စိတ်နဲ့ ငြိမ်းချမ်းစွာဖြေရှင်းမယ်ဆိုတဲ့ စိတ် အမြဲထားတယ် ❞**

ကမ္ဘာ့စွမ်းအင်လောင်စာဈေးတွေ မြင့်တက်သွားနိုင်တဲ့ အန္တရာယ်တွေသာ များလာနေတယ်။

### ဘာတွေသင်ခန်းစာယူကြမလဲ

အီရန်-အစ္စရေးစစ်ကနေ အဓိက ဘာသင်ခန်းစာရသလဲဆိုရင် သတိထားမိတဲ့အချက်က မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာ ချိုးဖောက်မခံရစေဖို့အတွက် မိမိတို့ရဲ့စစ်ရေး၊ စီးပွားရေးအင်အားကို အခိုင်အမာတည်ဆောက်ထားဖို့လိုတယ်ဆိုတဲ့ အချက်ပါပဲ။ စီးပွားရေးပါဝါထက် လက်နက်ပါဝါကတောင် ရေတိုမှာ ပိုအရေးကြီးပါတယ်။ ရေရှည်စစ်မှာတော့ စီးပွားရေးအင်အား၊ လူအင်အားလည်း ကောင်းနေမှ ဖြစ်မယ်။ ပါဝါရှိမှ လေးစားမှာဖြစ်တဲ့အတွက် အင်အားကို တည်ဆောက်ရမယ်ဆိုတာ ယနေ့ကမ္ဘာ့စစ်ပွဲတွေက ပြသနေပါတယ်။

ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုလည်း အားကောင်းအောင် တည်ဆောက်ထားဖို့လိုကြောင်း တွေ့ရတယ်။ စိတ်ဓာတ်ဆိုတဲ့နေရာမှာ အချင်းချင်း သစ္စာရှိမှုနဲ့ မျိုးချစ်စိတ်ဓာတ်ကနေ ရေပက်မဝင်တဲ့ စည်းလုံးညီညွတ်မှုမျိုး ရှိနေဖို့လည်း အရေးကြီးပြန်တယ်။ ရန်သူကို သူနိုင်ကိုယ်နိုင် အပြိုင်ကြဲနိုင်ပေမယ့် ပြည်တွင်းမှာ အချင်းချင်း သစ္စာပျက်ယွင်းတဲ့ သစ္စာဖောက်တွေကြောင့် စစ်ဘက်နဲ့ ပညာရှင်တွေ လုပ်ကြံခံရတဲ့ နမူနာမျိုးတွေ၊ အပြင်နဲ့အတွင်း ဟန်ချက်ညီညီ ဖြစ်လာနိုင်တဲ့ အဖျက်အမှောင့် ဖော်ဆောင်မှုတွေကို သတိထားဖော်ထုတ်ဖို့လည်း အရေးကြီးပြန်တယ်။ ကိုယ့်ဘက်က အားမကောင်းရင် အစော်ကားခံရမယ်။ အားကောင်းအောင် အင်အားတည်ဆောက်ရမယ့် အချိန်ဖြစ်တဲ့အပြင် မိတ်ဆွေစစ် မိတ်ဆွေမှန်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လည်း လိုပါတယ်။

ယခုကာလက အင်မတန် အရေးကြီးတဲ့အတွက် ဖြစ်ပါတယ်။ သူတို့ဘာလုပ်လုပ် တရားတယ်ဆိုတဲ့ Double Standard မူအတိုင်း ကျင့်သုံးတတ်တဲ့ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ အလေ့အထကို ပြန်လည်တုံ့ပြန်နိုင်ဖို့လိုတယ်။ ဒီလိုကျင့်သုံးမှုတွေကြောင့်သာ ပဋိပက္ခတွေ ကြီးထွားလာရတယ်၊ အကြမ်းဖက်မှုတွေ တိုးပွားလာရတယ်၊ ယခုလိုစစ်ပွဲတွေ ဖြစ်ပွားလာရတယ်။ ယခုလိုအခြေအနေတွေကြောင့်ပဲ နိုင်ငံတွေဟာ မိမိတို့အင်အားကို ဘက်ပေါင်းစုံကနေ တိုးချဲ့တည်ဆောက်နေကြရတယ်။ နောက်တစ်ချက် သတိထားမိတာတစ်ခုက ဂါဇာကအဖြစ်အပျက်တွေ၊ တဲလ်အဗစ်၊ ဟိုင်ဖာ၊ တီဟီရန် စတဲ့မြို့တွေက ဆိုးရွားလှတဲ့ အဖြစ်အပျက်တွေကြည့်ပြီး ကျွန်တော်တို့ နိုင်ငံတပ်မတော်က ပြည်တွင်းသောင်းကျန်းသူတွေအပေါ် ညင်သာတဲ့ ကိုင်တွယ်ပုံနဲ့ နှိုင်းယှဉ်ကြည့်ရင် ခြားနားချက် အများအပြားကို တွေ့ရလိမ့်မယ်လို့ ယူဆတယ်။ တကယ်တော့ ကိုယ့်နိုင်ငံက ခေါင်းဆောင်တွေဆိုတာ ကိုယ့်နိုင်ငံ၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ပြည်သူကို ဘယ်တော့မှ မဖျက်ဆီး မပျက်စီးစေရဘူးဆိုတဲ့စိတ် အမြဲရှိတယ်။ ဘယ်သူသေသေ ငါတို့နိုင်ငံသားတွေရဲ့ အသက်ပဲဆိုတဲ့စိတ်နဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းမယ်ဆိုတဲ့စိတ် အမြဲထားတယ်။

ယခုလက်ရှိဖြစ်နေတဲ့ စစ်ဖြစ်နေတဲ့နိုင်ငံတွေက အချို့သော ခေါင်းဆောင်တွေ၊ စစ်ထဲဝင်ပါမိသော်လည်း ကမ်းလင့်တဲ့ငြိမ်းချမ်းရေးကို မဖမ်းမိ မဆုပ်ကိုင်မိတဲ့သူတွေ၊ သူတို့ရဲ့ မိုက်မဲတဲ့စဉ်းစားတွေးခေါ်ပုံတွေကနေ သင်ခန်းစာယူမယ်ဆိုယူရမယ့်အချက် များစွာရှိနေပါတယ်။ အထူးသဖြင့် လူသားချင်း စာနာစိတ်ဆိုတာ ဘယ်လိုလဲဆိုတာ ယနေ့ကမ္ဘာ့စစ်ပွဲတွေကြည့်ပြီး ကျွန်တော်တို့ပြည်သူတွေ တိုင်းရင်းသားတွေ ခံစားသုံးသပ် ဆင်ခြင်နိုင်ဖို့ပါပဲ။ ။

■

# မော်လမြိုင်မြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

မော်လမြိုင် ဇွန် ၂၁

မွန်ပြည်နယ်၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် မြို့တိုးချဲ့အိမ်ရာမြေ အတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



**စိုက်ပျိုးသွားမည်**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် မိုးရာသီအတွင်း မွန်ပြည်နယ်တစ်ဝန်းလုံး တွင် သစ်ပင်စိုက်ပျိုးပွဲကို (၁၄)ကြိမ် ကျင်းပသွားမည် ဖြစ်ပြီး သစ်ပင်ပေါင်း ၉၃၄၀ ကို လူထုလှုပ်ရှားမှုအသွင် ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ရာ ယနေ့အချိန်ထိ သစ်ပင် စိုက်ပျိုးပွဲတော် (၁၁)ကြိမ်၊ သစ်ပင်ပေါင်း ၇၇၄၀ ကို စိုက်ပျိုးဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယနေ့ သစ်ပင် စိုက်ပျိုးပွဲတွင် သစ်မျိုး ကိုးမျိုး၊ အပင် ၁၅၀၀ စိုက်ပျိုး သွားမည်ဖြစ်ပြီး လှိုင်ရပ်ကွက် မြို့တိုးချဲ့အိမ်ရာမြေနှင့် လိုက်ဖက်ပြီး ရာသီအလိုက်ဖူးပွင့်သည့် ကံ့ကော်၊ ခရေ၊ စိန်ပန်း(နီ)၊ စိန်ပန်း(ဝါ)၊ ငုရွှေဝါ၊ ရေတမာ၊ ရင်ခတ်၊ အနန်း၊ ပျဉ်းမ သစ်မျိုးများကို စိုက်ပျိုးသွား မည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးနောက်ပိုင်း ရှင်အောင် စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြား သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများက သတ်မှတ်သစ်ပင်များကို စိုက်ပျိုးပေးပြီး သစ်မာအမျိုးအစားများဖြစ်သော ကံ့ကော်၊ ခရေ၊ စိန်ပန်း(နီ)၊ စိန်ပန်း(ဝါ)၊ ငုရွှေဝါ၊ ရေတမာ၊ ရင်ခတ်၊ အနန်း၊ ပျဉ်းမ စသည့်သစ်ပင်များကို မွန်ပြည်နယ် အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်မှုအဖွဲ့ဝင် များ၊ ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူ များက တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ သည် မုဒုံမြို့နယ် ကွမ်တာကျေးရွာရှိဦးလင်းလင်းထွန်း ၏ အသားတိုးကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ်က မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်မီနည်းစနစ်များအသုံးပြု မွေးမြူသည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက် ကြစေလိုကြောင်း၊ မွေးမြူရေးခြံ သန့်ရှင်းရေး ဆောင်ရွက်မှုနှင့် ရောဂါကူးစက်မှု မဖြစ်ပွားစေရေး ကြိုတင်ဆောင်ရွက်ထားရှိရန်လိုကြောင်း ပြောကြား ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွေးမြူရေးခြံအတွင်း (၄၅)ရက်သားကြက်ခြံနှင့် (၁၈)ရက်သားကြက်ခြံတို့၌ မွေးမြူအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# သရက်ချောင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သရက်ချောင်း ဇွန် ၂၁

တနင်္သာရီတိုင်း ဒေသကြီး သရက်ချောင်းမြို့နယ် သစ်တော ဦးစီးဌာနက ပြည်သူများအနေဖြင့် သစ်တော၊ သစ်ပင်၏ တန်ဖိုးကို အလေးထားသိရှိနားလည်နိုင်စေ ရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတု ကောင်းမွန်မျှတရေး၊ အရိပ် အာဝါသနှင့် မျက်စိပသာဒ အကျိုး များရရှိစေရန်ရည်ရွယ်၍ ယနေ့ နံနက် ၈ နာရီက ခမရ(၄၀၅) တပ်ရင်းဝင်းအတွင်း၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ သည်။



အခမ်းအနားတွင်သရက်ချောင်း မြို့နယ် တပ်နယ်မှူး ဒုတိယ ဗိုလ်မှူးကြီးစိုင်းသူရငွေးက ပျိုးပင် များပေးအပ်ရာ တပ်နယ်မိသားစု ဝင်များက ပျိုးပင်များ လက်ခံရယူ ခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ ခေတ္တဥက္ကဋ္ဌ ဦးကျော်ဇင်က ပျိုးပင်များပေးအပ် ရာ ပညာရေးဌာနနှင့် ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးများက ပျိုးပင်များ လက်ခံရယူခြင်း၊မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်လွင်က ပျိုးပင်များပေးအပ်ရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များက လက်ခံရယူ ကြပြီး တက်ရောက်လာသူများက သတ်မှတ်နေရာတို့၌ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ပျဉ်းမ၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ မဲဇလီ၊ သစ်ရှို၊ သက်န်း ပျိုးပင်ပေါင်း ၅၀၀ အား စနစ်တကျ စုပေါင်းစိုက်ပျိုးပေးခဲ့ ကြကြောင်း သိရသည်။

ပြည့်ဖြိုးပိုင်(ပြန်/ဆက်)



# ကျိုက်လတ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျိုက်လတ် ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက် ၈ နာရီတွင် ကျိုက်လတ်–မော်ကျွန်း ကားလမ်းဘေး၌ ကျင်းပသည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဖျာပုံမြို့နယ် သစ်တော ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဖုံရွှေ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ခံတောအုပ်ကြီး ဦးအောင်မျိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူ များက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ ရာသီဥတုအပူဒဏ် ကာကွယ်နိုင်ရန်နှင့် ရာသီဥတုကောင်းမွန်မျှတစေရန် ရည်ရွယ်၍ မန်ကျည်းရှားပင် ၂၅၀၊ ခရေပင်၅၀၊ ငုရွှေဝါပင် ၅၀၊ စိန်ပန်းကြီးပင် ၁၀၀၊ မာလာလူးကားပင် ၄၀ နှင့် ထိုင်ဝမ်ဇေဒါပင်၂၅ ပင် စုစုပေါင်းပျိုးပင် ၅၁၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကျိုက်လတ်(ပြန်/ဆက်)

# ကြံခင်းမြို့နယ်၌(မြို့နယ်အဆင့်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကြံခင်း ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ မြို့နယ်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက မြောက်မြန်အောင်ကြိုးဝိုင်း အကွက်အမှတ်(၂၄)၌ ကျင်းပသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းထွန်းနှင့် တောအုပ်ကြီး ဦးလှဝင်းတို့ ဦးဆောင် ကာ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသနေပြည်သူများက ကျွန်းပင် ၉၆၀၊ ပျဉ်းကတိုးပင် ၁၀၀၊ ယူကလစ်ပင် ၁၀၀၊ ပိတောက်ပင် ၅၀ စုစုပေါင်း ပျိုးပင် ၁၂၁၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မိုးမိုး(ပြန်/ဆက်)



# သရက်မြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

သရက် ဇွန် ၂၁

မကွေးတိုင်းဒေသကြီး သရက် မြို့၌ ၂၀၂၅ခုနှစ် သစ်ပင်စိုက်ပျိုး ပွဲကို ယနေ့နံနက် ၈ နာရီက ဇာလီတောင် သာသနာ့နယ်မြေ၌ ကျင်းပရာ ခရိုင်/မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်း များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင် များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က တက်ရောက်လာသူများအား ပျိုးပင်များ ပေးအပ်ခဲ့ပြီး တမာပင် ၅၀၊ ရေတမာပင် ၅၀၊ ယူကလစ် ၂၅ ပင်၊ ပိတောက် ၂၅ ပင်၊ သပြေ ဘူတ ၂၅ ပင်၊ စိန်ပန်းပြာပင် ၅၀၊ ကုက္ကို ၂၅ ပင်၊ စိန်ပန်းနီ ၂၅ ပင် စုစုပေါင်း ၂၇၅ ပင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပန်း အလှပင် ၆၀ တို့အား စိုက်ပျိုးပေး ခဲ့ပြီး သစ်ပင်စိုက်ပျိုးနေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များက လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)



**ဥတုရာသီ တောကိုမှီ၏**



ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးက ကျင်းပသည့် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇင်ဖြိုးနွေဦး နှင့် ဝန်ထမ်းများက မြို့နယ်လျှပ်စစ်ဓာတ်အားခွဲရုံဝင်းအတွင်း စုပေါင်းစိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# အီရန်နျူကလီးယားဓာတ်အားပေးစက်ရုံများကို တိုက်ခိုက်ခြင်းမပြုသင့်ကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ ပြောကြား

**ဗီယင်နာ ဇွန် ၂၁**

အီရန်နိုင်ငံ၏ နျူကလီးယားဓာတ်အားပေးစက်ရုံများကို တိုက်ခိုက်ခြင်းမပြုသင့်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတွင် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ အကြီးအကဲက ပြောကြားသည်။

အစ္စရေးနှင့် အီရန်တို့ကြား ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် ပတ်သက်ပြီး ဇွန် ၂၀ ရက်တွင် ပြုလုပ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတွင် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ အကြီးအကဲ ရာဖယ်လ်မာရီယာနိုဂရိုစီက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံငြိမ်းချမ်းရေးအတွက် စဉ်းစားသုံးသပ်သင့်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ကလည်း နှစ်နိုင်ငံအစိုးရအား တောင်းဆိုထားသည်။

အီရန်၏ နျူကလီးယားဖွံ့ဖြိုးရေး အစီအစဉ်သည် နျူလက်နက်ထုတ်လုပ်ခြင်းအတွက်မဟုတ်ဟု အီရန်အစိုးရက ထပ်တလဲလဲ ပြောကြားလျက်ရှိကြောင်း ဂူတာရက်စ်က ပြောသည်။

ယင်းသို့ ယုံကြည်နိုင်ရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ ယုံကြည်ရလောက်သော၊ ပြည့်စုံပြီး အတည်ပြုနိုင်သော အဖြေတစ်ခုကိုရရှိရန် သံခင်းတမန်ခင်းနည်းလမ်းဖြင့်သာ ဆောင်ရွက်ရန်လိုကြောင်း ဂူတာရက်စ်က ဆက်လက်ပြောသည်။

အီရန်နျူကလီးယား စက်ရုံများကို တိုက်ခိုက်မှုကြောင့် အများပြည်သူအား ထိခိုက်စေသည့် ရောင်ခြည်ဖြာထွက်မှုကို မဖြစ်ပေါ်စေသော်လည်း အီရန်တောင်ပိုင်းရှိ Bushehr နျူကလီးယားဓာတ်အားပေးစက်ရုံကို တိုက်ရိုက်ထိမှန်သည့်အတွက် စက်ရုံသို့ လျှပ်စစ်ဓာတ်အားပေးသည့် စနစ်များချွတ်ယွင်းခဲ့ခြင်းကြောင့် ပတ်ဝန်းကျင်သို့ ရေဒီယိုသတ္တိကြွမှု မြင့်မားစွာထွက်လာနိုင်ကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ရာဖယ်လ်မာရီယာနိုဂရိုစီက သတိပေးပြောကြားသည်။

နျူကလီးယားစက်ရုံများကို မည်သည့်အချိန်တွင်မျှ တိုက်ခိုက်ခြင်းမပြုသင့်ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

အီရန်၏ နျူကလီးယားစက်ရုံများကို တိုက်ခိုက်ခဲ့ခြင်းအတွက် ၎င်းတို့အနေဖြင့် တောင်းပန်မည်မဟုတ်ကြောင်းနှင့် အီရန်၏ နျူကလီးယားခြိမ်းခြောက်မှုကို မဖျက်သိမ်းမချင်း တိုက်ခိုက်မှုများကို ရပ်တန့်မည်မဟုတ်ကြောင်းလည်း ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဒန်နေဒန်နွန်က ပြောကြားသည်။

အလားတူ အစ္စရေး၏ တိုက်ခိုက်မှုများသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို ချိုးဖောက်လျက်ရှိကြောင်း



နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ရာဖယ်လ်မာရီယာနိုဂရိုစီ

ကုလသမဂ္ဂဆိုင်ရာ အီရန်သံအမတ်ကြီး အေမာဆာအစ်အီရာဗာနီက ပြောကြားသည်။

အီရန်၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းပြီး နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း အီရာဗာနီက ဆက်လက်ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် ကိစ္စရပ်များနှင့် အစ္စရေးနှင့် အီရန်အကြား စစ်ရေးတင်းမာမှုကို ရပ်တန့်ရန် နည်းလမ်းများ ဆွေးနွေး

**ကိုင်ရို ဇွန် ၂၁**

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒယ်လာတီနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်လမ်မီတို့က အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် ကိစ္စရပ်များနှင့် အစ္စရေးနှင့် အီရန်အကြား စစ်ရေးတင်းမာမှုကို ရပ်တန့်ရန် နည်းလမ်းများကို ဇွန် ၂၀ ရက်တွင် ဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသတွင်း လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသော အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အီရန်နျူကလီးယားအစီအစဉ်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရရှိရန်အတွက် သံတမန်ရေးရာ ကြိုးပမ်းမှုများ ပြန်လည်စတင်ရန်၊ တင်းမာမှုများ လျှော့ချရန်နှင့် အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုရန် အီဂျစ်နိုင်ငံ၏ ရပ်တည်ချက်ကို အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒယ်လာတီက ပြောကြားသည်။



ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်လမ်မီ



အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒယ်လာတီ

**နိုင်ငံတကာ ကြိုးပမ်းမှုများ လိုအပ်**

အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရာတွင် ဥရောပနိုင်ငံများ၏ အရေးပါမှုနှင့် ဖြစ်ပေါ်လာနိုင်သည့် ပိုမိုကျယ်ပြန့်သောပဋိပက္ခကို ရှောင်ရှားရန် နိုင်ငံတကာကြိုးပမ်းမှုများ လိုအပ်ကြောင်းလည်း အဗ္ဗဒယ်လာတီက ဆက်လက်ပြောကြားသည်။

ဒေသတွင်းတင်းမာမှုများ အရှိန်လျှော့သွားစေရန် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ပူးတွဲလုပ်ဆောင်ခြင်းများကို ဆက်လက်လုပ်ဆောင်ရန် ဝန်ကြီးနှစ်ဦးက သဘောတူညီခဲ့ကြောင်း သိရသည်။

အစ္စရေး - အီရန် ပဋိပက္ခသည် ပြီးခဲ့သည့် သီတင်းပတ်တွင် စတင်ပြီး အီရန်အပေါ် ကြီးမားသော လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ရာ ထိပ်တန်းတပ်မှူးများနှင့် နျူကလီးယားသိပ္ပံပညာရှင်များ သေဆုံးခဲ့သည်။ အီရန်က တဲအဗစ်မြို့အပါအဝင် အစ္စရေးပိုင်နက်ကို ဒုံးကျည်နှင့် ဒရုန်းများဖြင့် လက်တုံ့ပြန်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုဗိုင်းရပ်စ်ကူးစက်ခံထားရသည့် ကလေးငယ်တစ်ဦး စစ်ဆေးတွေ့ရှိ

**အစ္စလာမာဘတ် ဇွန် ၂၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခေဘာပတ်ထောင်ခွာပြည်နယ်၌ ပိုလီယိုဗိုင်းရပ်စ်ကူးစက်ခံထားရသည့် ကလေးငယ်တစ်ဦးအား စစ်ဆေးတွေ့ရှိကြောင်း အမျိုးသားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

**အတည်ပြုပြောကြား**

အစ္စလာမာဘတ်ရှိ အမျိုးသားကျန်းမာရေး အင်စတီကျု (NIH) မှ ပိုလီယိုပပျောက်ရေးဆိုင်ရာ ဓာတ်ခွဲခန်းက ဘန်နုခရိုင်ရှိ ရှမ်ဆစ်ခေလ်ဒေသတွင် နေထိုင်သည့် အသက် ၃၃ လအရွယ်ကလေးငယ်၏ နမူနာများကို စစ်ဆေးခဲ့ရာ ပိုလီယိုဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း အတည်ပြုပြောကြားသည်။

အဆိုပါကလေးငယ်သည် ယခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ ပိုလီယိုဗိုင်းရပ်စ် ကူးစက်ခံထားရသူ ၁၂ ဦးမြောက်ဖြစ်ပြီး ခေဘာပတ်ထောင်ခွာပြည်နယ်အတွက် ဆဋ္ဌမမြောက် ပိုလီယိုရောဂါဖြစ်ပွားသူဖြစ်သည်။



ပါကစ္စတန် ပိုလီယိုကင်းစင်ရေး အစီအစဉ်သည် ယခုနှစ် ဖေဖော်ဝါရီလ၊ ဧပြီလနှင့် မေလတို့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးရန် လှုံ့ဆော်မှုသုံးခုပြုလုပ်ခဲ့ပြီး အသက် ငါးနှစ်အောက် ကလေး ၄၅ သန်းကျော်အား ကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြောင်း ဝန်ကြီးဌာနက ပြောသည်။

ပိုလီယိုကာကွယ်ဆေး အများအပြားကို ကလေးများအားလုံး တိုက်ကျွေးနိုင်စေရန် အတွက် ကျန်းမာရေး အာဏာပိုင်များက မိဘများနှင့် ပြုစုစောင့်ရှောက်သူများကို တိုက်တွန်းထားကြောင်း သိရသည်။

ပါကစ္စတန်သည် ၂၀၂၄ ခုနှစ်တွင် ပိုလီယိုရောဂါကူးစက်ခံရသူ ၇၄ ဦးရှိကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံ၌ H5N1 ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရသူတစ်ဦး သေဆုံး

**ဖနောင်ပင် ဇွန် ၂၁**

ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင်ပိုင်းရှိ Svay Rieng ပြည်နယ်မှ အသက် ၅၂ နှစ်အရွယ် အမျိုးသားတစ်ဦးသည် H5N1 ကြက်ငှက်တုပ်ကွေး ရောဂါဖြင့် သေဆုံးခဲ့ရာ ယခုနှစ်တွင် အဆိုပါဗိုင်းရပ်စ်ကြောင့် ပဉ္စမမြောက် သေဆုံးမှု ဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အမျိုးသားကျန်းမာရေးသိပ္ပံဓာတ်ခွဲခန်းရလဒ်အရ အဆိုပါအမျိုးသားသည် H5N1 ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ဇွန် ၂၀ ရက်က ထုတ်ပြန်ခဲ့သည်။

ကျန်းမာရေးအာဏာပိုင်များသည် ရောဂါပိုးကူးစက်ခြင်း၏ အရင်းအမြစ်ကို စုံစမ်းစစ်ဆေးလျက်ရှိပြီး သံသယရှိသူ သို့မဟုတ် အသိုက်အဝန်းအတွင်း ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်ရန်အတွက် ရောဂါရှိသောကြက်၊ ငှက်များနှင့် ထိတွေ့ဖူးသူများကို စစ်ဆေးလျက်ရှိသည်။

ကြက်ငှက်တုပ်ကွေးရောဂါ မပြန့်ပွားစေရန် ဗိုင်းရပ်စ်တိုက်ဖျက်ရေးဆေးဝါး Tamiflu (oseltamivir) ကို လူနာနှင့် တိုက်ရိုက်ထိတွေ့ဖူးသူများအား ပေးအပ်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်တွင် H5N1 ကူးစက်ခံရသူ စုစုပေါင်း ခြောက်ဦးအထိ မှတ်တမ်းတင်ထားပြီး သေဆုံးသူ ငါးဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံ၌ လေးနှစ်အတွင်း စာသင်ကျောင်းပေါင်း ၁၁၀၀ ကျော် ဆောက်လုပ်ပြီးစီး

**ကဘူး ဇွန် ၂၁**

အာဖဂန်ကြားဖြတ်အစိုးရ၏ ပညာရေးဝန်ကြီးဌာနသည် လွန်ခဲ့သည့်လေးနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ စာသင်ကျောင်းပေါင်း ၁၁၀၀ ကျော်ကို ဆောက်လုပ်ခဲ့ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ယနေ့ပြောကြားသည်။

အဆိုပါ စာသင်ကျောင်းဆောက်လုပ်ရေးစီမံကိန်းများကို ပညာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်အပြင် အကူအညီပေးရေးအဖွဲ့အစည်းများသာမက လူချမ်းသာများ၏ ရန်ပုံငွေထောက်ပံ့မှုများဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ မန်ဆော်အာမက်ဟမ်ဇာက ပြောကြားသည်။

သဘာဝဘေးအန္တရာယ်များနှင့် ပဋိပက္ခများကြောင့် နိုင်ငံအတွင်း၌ စာသင်ကျောင်းပေါင်း ၃၀၀၀ ခန့် ပျက်စီးခဲ့ကြောင်းနှင့် အဆိုပါစာသင်ကျောင်း အဆောက်အအုံများကို ပညာရေးဝန်ကြီးဌာနက ပြန်လည်တည်ဆောက်လျက်ရှိကြောင်း ဟမ်ဇာက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ THAI Airways လေယာဉ်ခရီးစဉ် အမှတ် TG-303/ SF – 5813 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၁၀၀၀၀)ကိုလည်းကောင်း၊ ဇွန် ၂၀ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ကုမ္ပဏီမှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၅၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၁၉ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ ရေပူစမ်းလမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မူဆယ်မြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၁ မျိုး၊ စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၇၃၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၇၃၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၀ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သာမညမှ မော်လမြိုင်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA PREGIO တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား(မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၂၉၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၃ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၄၅ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၇၇၃၂၀၀)ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Sai Kaung Htet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက်နေ ကောင်းထက်(ခ) ဖိုးသားနှင့် တစ်ရပ်ကွက်တည်းနေ “Khin Thet Wai” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ခင်သက်ဝေတို့နှစ်ဦးအား နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပြည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၆-၂၀၂၅ တနင်္ဂနွေနေ့

**MRTV HD**

၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(မဂ်လသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ သစ်တောသစ်ပင်ထိန်းသိမ်းကြစို့ထာဝစဉ်
၀၉:၁၅ ကာတွန်းအစီအစဉ် **'ချစ်စရာ သိုးမီသားစု'** (အပိုင်း-၇)
၀၉:၃၅ စံကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၂၀ 'ငြိမ်းချမ်းရေးလက်မြဲမြဲဆက်' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၂:၃၅ This Week's Special Interest
၁၃:၁၅ အသိပညာနှင့်အမှန်တရား
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် **'ဝန်တိုရှူလေးနှင့်သူ့တာ'**
၁၆:၄၀ Sports Diary
၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၃၅ ပုသိမ်မြို့မှကြိုဆိုပါ၏
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'မုသားနောက်ကွယ်'** (အပိုင်း-၁၆)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'စကားပြောတဲ့စကားလုံးများကိုပုံဖော်ကိုင်သူ' (အကယ်ဒမီငြိမ်းမင်း)(အပိုင်း-၂)
၂၁:၂၅ ဆေးရောင်စုံရုပ်ရှင် **'သံယောဇဉ်ယာဉ်စွန်းတန်း'**

**mitv**

07:02 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
07:08 Smiling Buddha
07:33 Tech Digest (22.6.2025)
07:41 Sri Ksetra, Field of Fortune & Glory (Part-3)
08:01 News
08:27 National Museum (Yangon) (Ep-4)
09:01 Mushroom Farming
09:25 Today Myanmar: Ceremony for School Libraries Development and Reading Habit Promotion Activity
09:53 Myanmar Puppeteers
10:01 News

**Me**

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားတေးသီချင်း၊အက(ကချင်)
၀၆:၄၀ မြန်မာသံစဉ်တေးများ
၀၆:၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟန်ဆောင်အမြုံးနဲ့အမုန်း'** (အပိုင်း-၂၈)(ဇာတ်သိမ်း)
၀၇:၃၀ စတီရီယိုတေးများ
၀၇:၅၀ ဇာတ်သဘင် **'မဟော်သဓ'** (မဟာတရားစီရင်ခန်း)
၀၉:၀၅ ချစ်စရာ့အရွယ်ကစားကြမယ် 'အမှတ်(၅)လှိုင်သာယာမူလတန်းကြိုကျောင်းနှင့် အမှတ်(၂)မူလတန်းကြိုကျောင်းရွှေပြည်သာ စက်မှုဇုန်'
၀၉:၃၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) **'ဂွတ်ရွယ်သမက်'**

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ငါးဖက်ထုပ်ဖရုံရွက်ဟင်းချို
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဒေသတစ်လှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၉)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
တိုင်းရင်းသားကျေးရွာက ကရင့်ရိုးရာအိမ်ကလေးသို့
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
အိမ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ
**မွန် (၁၃:၀၀ မှ ၁၄:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)
**ရခိုင် (၁၄:၀၀ မှ ၁၇:၀၀)**
ပိုက်ဆိပ်ရွာသို့အလည်တစ်ခေါက်
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
စားမြိန်ဖွယ်ရာမျိုးမေ့လက်ရာ (ရှမ်းရိုးရာငါးပေါင်းအစားအစာ)
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
လူငယ်နှင့်လူ့ပတ်ဝန်းကျင် (အပိုင်း-၃)
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း

**MRTV NEWS**

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၁၅ Next Level
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၄၅ စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလဲ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ (ထိုင်းနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကွက်လပ်ဖြည့်ပါ'**
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ
၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၇)

**MRTV FARMERS' HD**

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
၀၆:၁၅ တောင်သူအများပြုံးရွှင်ဖို့ချည်မျှင်ရှည်ဝါစိုက်ကြပါစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ Livestock on the Land
၁၈:၄၅ The Birth Of Sake
၂၀:၀၀ တောလယ်မောတယ်ချစ်မယ်(ဇာတ်လမ်း)
၂၂:၀၀ Past Live (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Weekly Sports Info
၀၇:၄၅ Weekend News
၁၂:၀၀ FIFA MFF U-19 Youth League (Replay) (VUC ULAD Vs YCDC MHDT
၁၇:၀၀ အားကစားသတင်း

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ်သိန်း ၉၂၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၄ ဒသမ ၃၅ ကီလိုကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၁**

မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ ဘိန်းဖြူ သယ်ဆောင် ရောင်းဝယ်သူများကို ငွေကျပ်သိန်း ၉၂၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ၂၄ ဒသမ ၃၅ ကီလိုကျော်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက် ည ၈ နာရီတွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်အနီး မန္တလေးမှ ကလေးသို့ ကျော်စွာလင်း မောင်းနှင်လာသည့် PAJERO ယာဉ်ကို သတင်းအရစစ်ဆေးရာ ဘိန်းဖြူမှုန့် အလေးချိန် ၆ ဒသမ ၉၃ ကီလို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ည ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးများတင်ပေးခဲ့သူ ကျော်ကြီး(ခ) ကျော်မင်းအောင်အား အောင်မြေသာစံမြို့နယ် ၈၈(A)လမ်း ၂၂ x ၂၃ လမ်းကြားရှိ ကားဂိတ်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဇွန် ၁၁ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် ၆၁ လမ်း၊ ၄၂ x ၄၃ လမ်းကြားရှိ သန်းသန်းမိုး၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူမှုန့်အလေးချိန် ၁၇ ဒသမ ၄၂ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး များ လာရောက်ပို့ပေးခဲ့သူ မအေးမြင့်(ခ)မလုအား ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ မန္တလေးမှကလေးသို့ ဘိန်းဖြူများ တင်ပို့ရောင်းချသူ ဒေါ်တင်ဦး(ခ) ဒေါ်အုန်းအား ဇွန်၁၄ ရက်ညနေ ၅ နာရီတွင် ချမ်းမြသာစည်မြို့နယ် ၆၇ လမ်း ၁၀၅ x ၁၀၆ လမ်းကြားတွင် ဖမ်းဆီးရမိခဲ့ကာ ဒေါ်တင်ဦး(ခ)ဒေါ်အုန်း၊ ၎င်း၏သားဖြစ်သူ ဟိန်းလတ်နှင့် ဇနီး အေးအေးအောင်(ခ) မပိတို့သုံးဦးမှာ အုန်းချောနယ်မြေရဲစခန်းမှ မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေးများဖြစ်ပြီး ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် မန္တလေးမှကလေးသို့ ဘိန်းဖြူ သယ်ဆောင်ရောင်းဝယ်သူများအား ငွေကျပ်သိန်း ၉၂၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၄ ဒသမ ၃၅ ကီလိုကျော်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန် သူများအား ဆက်လက်ဖော်ထုတ် လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း နိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




မန္တလေးမြို့တွင် သိမ်းဆည်းရမိသည့်ဘိန်းဖြူများနှင့်အတူ တရားခံများအား တွေ့ရစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၉ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဇွန် ၂၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မဲ့ထော်သလေး(KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၆ ဦး၊ အိန္ဒိယနိုင်ငံသား တစ် ဦး၊ နီပေါနိုင်ငံသား တစ်ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ၂၉ ဦးအား ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်း ကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၇၀ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် မှ ၈၉၀၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့် လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုလ်တထောင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားမှု ကွင်းဆင်းစစ်ဆေး

**ဗိုလ်တထောင် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေး ကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဥမ္မာမြင့်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဖြိုးမင်းဦးတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဗိုလ်တထောင်မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ” ဟူသော ကြေညာချက်ဗီနိုင်းကို ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ဝင်း( ပြန်/ဆက်)**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၆-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၀၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၅ | ၃၀၄၅ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၃၀ | ၃၁၄၅ | ၃၁၀၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၅ | ၄၅၆၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၂၀ | ၃၁၉၀ | ၃၁၅၅ | ၃၁၈၀ | ၃၄၃၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၆၁၅ | ၂၅၈၀ | ၂၅၁၅ | ၂၆၂၀ | ၂၆၃၅ | ၂၆၅၅ | ၂၅၇၀ | - | ၂၈၆၅ | ၂၅၉၀ | ၂၅၉၀ | ၂၆၆၀ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၀၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | ၄၈၃၀ | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |
| HSD (10 ppm) | ၃၀၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | - | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၀၀ |
| 95 Ron | ၂၈၆၀ | ၂၉၅၂ |
| HSD (500 ppm) | ၂၃၄၇ | ၂၄၂၄ |
| HSD (50 ppm) | ၂၉၂၉ | ၃၀၀၇ |
| HSD (10 ppm) | ၂၉၂၉ | ၃၀၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# သရက်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

**သရက် ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား ဇွန် ၁၆ ရက် နံနက်ပိုင်းမှစတင်၍ သရက်ခရိုင်ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ထိုသို့ထိုးနှံပေးရာတွင် သရက်ခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်ရွှေအောင်၏ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများကသရက်မြို့ရှိခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများအား တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(Pfizer JN 1)ထိုးနှံပေးလျက်ရှိပြီး ယနေ့အထိ ၇၀၂ ဦးထိုးနှံပြီးစီးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး





**ပုသိမ် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ စက်တော်ရာဘုရားနှင့် စက်တော်ရာဘိုးဘွားရိပ်သာတို့တွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး တာဝန် ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အလားတူ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာများတွင် ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းဘေးဝဲယာများတွင် အိမ်၊ လမ်း၊ ရွာ၊ ကျောင်း သန့်ရှင်းသာယာလှပရေးအတွက် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သတ်မှတ်နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် ဇွန် ၂၁**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ်နှင့် ဗထူးတပ်မြို့တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အပါအဝင် မြို့နယ် ၂၂ မြို့နယ်တို့၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ရှိ မောမြေဦးပန်းခြံ၊ ခိုလမ်မြို့ရှိ နောင်ဟေးငင်းရေကန်သာ၊ ကွန်ဟိန်းမြို့နယ်ရှိ သိန်းပုံဘုန်းတော်ကြီးကျောင်းနှင့် လဲချားမြို့နယ် နောင်ပန်ကျေးရွာရှိ ဟိုလွယ်ဘုန်းတော်ကြီးကျောင်းတို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၆)ရပ်ကွက် ပြည်သူ့ဆေးရုံ၊ မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက်ရှိ ဆေးတက္ကသိုလ်(၂)နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံတို့၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြဝတီမြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြဝတီ ဇွန် ၂၁**


ကရင်ပြည်နယ် မြဝတီမြို့နယ် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ် -၂ ပတ်လမ်းတစ်လျှောက်တွင် ယနေ့နံနက် ၇ နာရီက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ကျွန်းပင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးက မဟော်ဂနီပင်တို့ကို ဦးဆောင်စိုက်ပျိုးခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးတင့်၊ ခရိုင်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကျွန်းပင်၊ ကံ့ကော်ပင်၊ စိန်ပန်းကြီးပင်၊ မန်ဂျန်ရှားပင်၊ မဟော်ဂနီပင်၊ ငုရွှေဝါပင်၊ မဲဇလီပင်၊ ပေါက်ပန်းဖြူပင် နှင့် ဗာဒံပင် စုစုပေါင်း ၅၀၇ ပင်တို့ကို စိုက်ပျိုးခဲ့ကြကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ဇေယျာသီရိမြို့နယ်၌ သွားနှင့်ခံတွင်း အခမဲ့စစ်ဆေးကုသပေး



**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သဲဖြူ မဟာမြိုင်ချောင်းဖျားတောရဓမ္မရိပ်သာ၌ ပြည်သူများအား သွားနှင့် ခံတွင်း အခမဲ့စစ်ဆေးကုသပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနအောက်ရှိ နေပြည်တော် သွားနှင့် ခံတွင်း အထူးကုဆေးရုံကြီးမှ ဆရာဝန်ကြီးများက အဆိုပါရိပ်သာဓမ္မာရုံ၌ ဆောင်ရွက်ပေးသည်။

ဦးစွာ နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင် ဦးဆောင်သည့် သွားနှင့်ခံတွင်း ဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များက ပြည်သူများအား သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးခြင်း၊ စနစ်မှန်သွားတိုက်နည်း သင်ကြားပြသခြင်းနှင့် အတူတကွသွားတိုက်ခြင်း၊ သွားနှင့်ခံတွင်းရောဂါများအား လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် သွားနှင့်ခံတွင်း ကုသမှုခံယူသူ ၁၄၅ ဦး၊ အထွေထွေရောဂါ ကုသမှုခံယူသူ ၂၇ ဦး စုစုပေါင်း ၁၇၂ ဦးတို့အား အခမဲ့စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းတင်အောင်(ကြေးမုံ)**

# ပြင်ဦးလွင်မြို့၌ သန့်ရှင်းရေးသုံးပစ္စည်းများ ပေးအပ်

**ပြင်ဦးလွင် ဇွန် ၂၁**

မန္တလေး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးလက်အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကျေးရွာများသို့ သန့်ရှင်းရေးသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။



**ပေးအပ်**

ဦးစွာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မမက ကျေးလက်အမျိုးသမီးဘဝဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကျေးရွာ အကြောင်းအရာများကို ဆွေးနွေးပြောကြား၍ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက် ကျေးရွာများဖြစ်သော သံတောင်ကျေးရွာနှင့် သပြေကျင်း ကျေးရွာတို့မှ ဆယ်အိမ်စုမှူးများသို့ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၊ တူညီဝတ်စုံ အထည် ၅၀၊ သန့်ရှင်းရေးသုံးပစ္စည်းများဖြစ်သည့် တံမြက်စည်း၊ ဝါ၊ စိမ်း၊ ပြာ၊ နီအမှိုက်ပုံး (အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် အန္တရာယ်ရှိအမှိုက်များ စွန့်ပစ်ရန်) များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပဲခူးမြို့၌ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**ပဲခူး ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီးက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၀ ရက် ညနေပိုင်းတွင် ပဲခူးမြို့ အားကစားဥယျာဉ်မိုးလုံလေလုံခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ကြသည်။




ဦးစွာ အမျိုးသား(-၅၀)ကီလိုတန်း၊ အမျိုးသမီး(-၄၅)ကီလိုတန်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဂျူဒိုအားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရာ အမျိုးသား(-၃၈)ကီလိုတန်း၊ အမျိုးသမီး(-၃၈) ကီလိုတန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အမျိုးသား"ခတ"ပြိုင်ပွဲ၊ အမျိုးသမီး "ခတ" ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အမျိုးသား(-၆၀)ကီလိုတန်း၊ (-၆၆) ကီလိုတန်း၊ (-၇၃) ကီလိုတန်း၊(+၇၃) ကီလိုတန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အမျိုးသမီး (-၅၂)ကီလိုတန်း၊ (-၅၇) ကီလိုတန်း၊ (-၆၃)ကီလိုတန်း၊ (+၆၃)ကီလိုတန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အမျိုးသား(-၄၂) ကီလိုတန်း၊ (-၄၅)ကီလိုတန်း၊ (-၅၅)ကီလိုတန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အမျိုးသမီး (-၄၂)ကီလိုတန်း၊ (-၄၈)ကီလိုတန်း၊ အမျိုးသား(-၅၀) ကီလိုတန်း၊ (-၄၅)ကီလိုတန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုတံဆိပ်နှင့်ငွေသားဆုများကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်နှင့် ဝန်ကြီးများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသား/အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ကချင်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်အသင်း၊ ပူးတွဲတတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့အား ဆုတံဆိပ်နှင့်ငွေသားဆုများကို တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး ဦးတင်ဦးကလည်းကောင်း၊ အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရရှိသည့်(-၄၅) ကီလိုတန်းတွင် ကချင်ပြည်နယ်မှ မမေဇင်ဖြိုးနှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသည့် (-၅၀)ကီလိုတန်းတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ခိုင်ခန့်တို့အား ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်ကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကြေးတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ရွှေတံဆိပ်လေးခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသော ကချင်ပြည်နယ်အသင်းအား ပဲခူးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်စိုးစိုးသက်က တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ ကြေးတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခု၊ ရွှေတံဆိပ်လေးခုဖြင့် အမျိုးသား တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားပူးတွဲရရှိသော ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့အား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စုပေါင်းတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




Amateur Futsal Cup 2025 ပြိုင်ပွဲ ရှုံးထွက်အဆင့် မဲနှိုက်ရေးဆွဲစဉ်။

## MFF Amateur Futsal Cup 2025 ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ မဲနှိုက်ရေးဆွဲ

**ရန်ကုန် ဇွန် ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီက စီစဉ်ကျင်းပသည့် Amateur Futsal Cup 2025 ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ မဲနှိုက်ရေးဆွဲပွဲကို ဇွန် ၂၁ ရက်က ကျင်းပသည်။

ပြိုင်ပွဲကို ငါးသင်း အုပ်စု ၁၀ ခုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် နှစ်သင်းစီ နောက်တစ်ဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ရှုံးထွက်အဆင့် တက်ရောက်လာသည့် အသင်း ၂၀ အနက် အုပ်စုပထမရရှိသော ၁၀ သင်းနှင့် ဒုတိယနေရာရရှိသော ၁၀ သင်းအနက် နှစ်သင်းမှာ ၁၆ သင်းအဆင့်မှ စတင်ကစားရပြီး ကျန်ရှစ်သင်းမှာမူ ပထမအဆင့် ရှုံးထွက်ပွဲကစားရကာ အနိုင်ရသည့် လေးသင်းမှာ ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ကစားခွင့်ရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲမှုအရ ပထမအဆင့် ရှုံးထွက်ပွဲတွင် Mighty Hornets အသင်းနှင့် တော်ဝင်နန်းအသင်း၊ Einme City အသင်းနှင့် Kyaung Sayar Tharhtwe အသင်း၊ ကျော်လုအသင်းနှင့် Warm Brother အသင်း၊ ကြယ်စင်လင်းအသင်းနှင့် AON အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမအဆင့်ရှုံးထွက်ပွဲများကို ဇွန် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ၁၆ သင်း ရှုံးထွက် အဆင့်ပွဲစဉ်များကို ဇွန် ၂၃၊ ၂၄ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MFF**

**❍ ဘိုင်ယန်မြူးနစ်မှ**

အုပ်စုအဆင့်နောက်ဆုံး ပွဲစဉ်မှာ ဘိုကာဂျူနီယာအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရတဲ့ ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ဇွန် ၂၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသောအုပ်စုအဆင့်ပွဲစဉ်တွေမှာတော့ ဖလာမန်းဂိုးအသင်းက ချယ်လ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုး၊ အက်စ်ပီရန်စီတူးနစ်အသင်းက အယ်လ်အေအက်ဖ်စီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အုပ်စု(D)မှာ ပွဲစဉ်နှစ်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်သုံးမှတ်နဲ့ အုပ်စုအဆင့်(၂)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အခြားအုပ်စုမှ ချယ်လ်ဆီးအသင်း အုပ်စုဒုတိယနဲ့ ရှုံးထွက်အဆင့်ကို တက်လှမ်းလာခဲ့ပါကနည်းပြကွန်ပနီရဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ ဖီဖာကလပ်ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်မှာ ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

**❖ အမျိုးသမီးဖူဆယ်လိဂ်မှ**

ပွဲစဉ် (၃) တွင် Pacific Sun Far အသင်းက ရန်ကုန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ Divine အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ၁၄ ဂိုး-တစ်ဂိုး၊ YRG အသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး-နှစ်ဂိုး၊ Thunder Tigresses အသင်းက Winner Generations အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပြိုင်ပွဲအစ နှစ်ပွဲဆက်တိုက် အနိုင်ရထားသည့် ရန်ကုန်စီးတီးအသင်းသည် ပွဲစဉ် (၃) တွင် ပထမဆုံးရှုံးပွဲကြုံတွေ့ကာ ထိပ်ဆုံးမှ ဖယ်ပေးခဲ့ရပြီး Divine အသင်းနှင့် YRG အသင်းတို့က ဇယားထိပ်ပိုင်းသို့ ရောက်ရှိလာသည်။

ပွဲစဉ် (၃) တွင် Divine အသင်းနှင့် YRG အသင်းတို့ ခုနစ်မှတ်စီရထားပြီး Divine အသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေကာ ယင်းနှစ်သင်းနောက်တွင် ရန်ကုန်စီးတီး၊ Pacific Sun Far နှင့် Thunder Tigresses အသင်းတို့က ခြောက်မှတ်စီ၊ အား/ကာသိပ္ပံအသင်းက သုံးမှတ်ရရှိထားကာ Winner Generations အသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့က သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

**❂ ကျော့ဖုံးမှ**

အပြီးကျင်းပကာ ကျန်ဇုန်နှစ်ခုကိုမူ နှစ်ကျော့စနစ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ ရန်ကုန်ဇုန်အပြီးတွင် ပထမနေရာရရှိသည့် ရှိုင်ရယ်ရန်ကုန်အသင်းနှင့် ဒုတိယနေရာရရှိသည့် Mar Rein အသင်းတို့မှာ Grand Final အဆင့်သို့ တက်ရောက်ခဲ့ပြီး တောင်ကြီးဇုန်နှင့် မန္တလေးဇုန်မှာမူ ထိပ်ဆုံးရပ်တည်မှုအရ တစ်သင်းစီ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မန္တလေးဇုန်တွင် STNM အသင်းသည် ယခုတစ်ပတ်အနိုင်ရသဖြင့် ထိပ်ဆုံးနေရာရရှိရန် သေချာခဲ့ပြီး တောင်ကြီးဇုန်သာ ထွက်ပေါ်ရန်ကျန်ရှိတော့သည်။ Grand Final သို့ တက်ရောက်လာသောလေးသင်းကို ဆီမီးဖိုင်နယ်ပုံစံဖြင့် ကျင်းပကာ အနိုင်ရသည့် နှစ်သင်း ဗိုလ်လုပွဲ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - MFF**

## သာပေါင်းမြို့နယ်တွင် စားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**သာပေါင်း ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ကြီးကြပ်၍ ယနေ့ နံနက် ၇ နာရီတွင် တောင်ကလေးကျေးရွာ၌ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့သည်။



ထိုသို့ ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ကုန်ဈေးနှုန်းထိန်းညှိလျှော့ကျရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်၊ မြို့နယ်ကုန်ဈေးနှုန်းထိန်းညှိလျှော့ကျရေးကော်မတီအတွင်းရေးမှူး ဦးထွန်းမင်းလတ်၊ တောင်ကလေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းထွန်းတို့ ပူးပေါင်းကာ ဆန်တစ်ပြည်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဆန် ၁၀ အိတ်၊ စားသုံးဆီ တစ်ပိဿာ ငွေကျပ် ၆၈၀၀ နှုန်းဖြင့် ဆီ ပိဿာ ၂၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၃၀၀ နှုန်းဖြင့် အလုံး ၆၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သာပေါင်း (ပြန်/ဆက်)**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ တောလေးထပ်ကျောင်း၌ ပြိုကျပျက်စီးနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ချမ်းအေးသာစံမြို့နယ် ပြည်သူ့အားကစားကွင်း၌ Container House များ တပ်ဆင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ဆွမ်းဦးပုညရှင်စေတီတော်၊ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် မေတ္တာကန်တို့၌ ငလျင်အတွင်း ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီးနောက် စေတီတော်ရင်ပြင်တိုးချဲ့ရန်အတွက် မြေသားခိုင်မာမှု စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော်လုံးပတ်ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်နေမှုအခြေအနေများ၊ စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင် တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ သကျဓိတာသီလရှင်စာသင်တိုက်နှင့် တောလေးထပ်ကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများ အသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကိုသန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများပေးဝေနိုင်ရေးနှင့် ပြည်သူများ သောက်သုံးရေ ပြည့်ပြည့်ဝဝဖြန့်ဝေနိုင်ရေးတို့ကို ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅)ရပ်ကွက်ရှိ ရှင်ပင်းအုံးအင်းကျောင်းတိုက်နှင့် စကြာပေါ်တော်မူစေတီတော်များသို့ လည်းကောင်း၊ ကျွန်းလုံးဥသျှောင်ရပ်ကွက် ဒက္ခိဏာရာမဘုရားကြီးတိုက်အတွင်းရှိ မြင်းတန်းကျောင်းတိုက်သို့ လည်းကောင်း၊ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်ရှိ ရတနာပုံသာ ဆုတောင်းရ(ဦးပေစိ)ဘုရားသို့ လည်းကောင်း သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများနှင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ရှင်ပင်းအုံးအင်းကျောင်းတိုက်ဆရာတော်အား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ဝါခင်းကုန်း ပြည်သူ့အားကစားကွင်းသို့ သွားရောက်၍ မန္တလေးမြို့တွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့်ပြည်သူများ နေထိုင်ရန်အတွက် Container house များကို တပ်ဆင်ဆောက်လုပ်နေမှုများကို လည်းကောင်း၊ စက်ယန္တရားများ အသုံးပြု၍ လမ်းသားမြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အမှိုက်များစနစ်တကျ ခွဲခြားစွန့်ပစ်ရေး အသိပညာပေး သရုပ်ပြ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိပတ်ဝန်းကျင်၊ ရုံးနှင့် ကျောင်းများ၌ အမှိုက်များကိုစနစ်တကျခွဲခြားစွန့်ပစ်တတ်စေရန် ရည်ရွယ်၍ အမှိုက်များစနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေး သရုပ်ပြသခြင်းကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများက စွန့်ပစ်ပစ္စည်းများကို လေးမျိုးခွဲခြား၍ အမှိုက်စိုကို အစိမ်းရောင်အမှိုက်ပုံး၊ အမှိုက်ခြောက်ကို အဝါရောင်အမှိုက်ပုံး၊ ပလတ်စတစ်အမှိုက်ကို အပြာရောင်အမှိုက်ပုံးနှင့် ဘေးအန္တရာယ်ရှိအမှိုက်ကို အနီရောင်အမှိုက်ပုံးများ၌ စနစ်တကျ စွန့်ပစ်နိုင်ရေး အသိပညာပေး သရုပ်ပြသခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇွဲမင်းထက်(ပြန်/ဆက်)**

## အောင်လံမြို့၌ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြော

အောင်လံ ဇွန် ၂၁

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အောင်လံမြို့ မြို့မဈေးကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမျိုးဝင်းက သဘာဝပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် ထွက်ရှိလာသောပစ္စည်းများ လူတို့၌အသုံးပြုရန် မလိုအပ်တော့သဖြင့် စွန့်ပစ်သည့်အရာမှန်သမျှကို ဆိုလိုခြင်းဖြစ်ကြောင်း၊ ယခင်က အမှိုက်ခွဲခြားစွန့်ပစ်နိုင်မှုမရှိသေးဘဲ စုပေါင်းစွန့်ပစ်သည့်အမှိုက်များကို စည်ပင်သာယာရေးအဖွဲ့က သိမ်းဆည်းစွန့်ပစ်နေရာမှ ယခုအချိန်မှစ၍ အမှိုက်ပုံးများကို အရောင်ခွဲခြားစွန့်ပစ်နိုင်ရေး အရောင်လေးမျိုး သတ်မှတ်၍ စွန့်ပစ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် အောင်လံမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးမှ ဈေးသူ ဈေးသားများက အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## တံတားမြို့တွင် အမှိုက်ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးနှင့်သရုပ်ပြသခြင်းများဆောင်ရွက်

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ လူမှုပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုအခြေအနေများ



လျော့ကျစေရန်ရည်ရွယ်ပြီး သတ်မှတ်အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်နိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် သရုပ်ပြသခြင်းကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တံတားမြို့စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဖွဲ့မာန်ဟိန်းက အမှိုက်စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေး ရှင်းလင်းဆွေးနွေးကာ သရုပ်ပြသဆောင်ရွက်ပြီး အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သရုပ်ပြသရာသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးရန်အောင်မျိုးထက်နှင့် ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်ဆန်း**

ဝတ္ထုတို

**ဆောင်းမာန်ဝင့်အောင်**
**(တောင်ကြီး)**




(၁)

မနက် ငါးနာရီထဲက တစ်ဒယ်ပြီး တစ်ဒယ်ကြော်နေရတာ ခုဆို ဆယ်နာရီ တောင်ထိုးတော့မည်။ ပြည့်လျှံနေသော ဆိုင်ထဲက လူများကိုကြည့်၍ ကောင်တာမှာ ထိုင်နေသော ဆိုင်ပိုင်ရှင်မျက်နှာမှာ သကာရည်လောင်းထားသလို ပြုံးပျော်နေသည်။

ထွန်းလူက အကြော်ဆရာတစ်ယောက်။ သူတို့ဆိုင်က ခေါက်ဆွဲကြော်၊ကြာဆံကြော်သီးသန့်ရောင်းသည်။ ဒီမြို့မှာ (ထူးရှယ်) ခေါက်ဆွဲကြော်ဆိုင်ဆို မသိသူမရှိ လက်ရာကောင်းခြင်း၊ သန့်ရှင်းခြင်း တို့ကြောင့် နာမည်ကြီးသည်။ သူတို့ဆိုင်က မနက်ပိုင်းသာ ဖွင့်သည့်ဆိုင်ဖြစ်သည်။

မွန်းလွဲ ၁ နာရီထိုးတာနဲ့ ဆိုင်ပိတ်ပြီ။ မနက်ကိုတော့ ၄ နာရီ အရောက်လာရသည်။ အိပ်ရေးပျက်၊ ပင်ပန်းပေမယ့် ထွန်းလူ ပျော်ပါသည်။ မပျော်လို့လည်း မဖြစ်ပေ။ သူတတ်ကျွမ်းသည့် ဒီလုပ်ငန်းလေးဖြင့် မိသားစုတာဝန်ကို ထမ်းနေရသည် မဟုတ်ပါလား။ သမာအာဇီဝကျသည့် လုပ်ငန်းဟူသမျှ အကုသိုလ်ကင်းသည်ဟု ထင်မိသည်။ ငယ်စဉ်ကတည်းက အတန်းပညာကို သေစာရှင်စာလောက်သာ တတ်ခဲ့သည်။ ဖခင်ဖြစ်သူ၏ကောင်းမှုကြောင့် အသက်ဆယ့်သုံးနှစ်အရွယ်မှာ စားသောက်ဆိုင်တစ်ခု၌ မီးဖိုချောင်အကူ ဝင်လုပ်ရင်း ဒီအတတ်ပညာကို သူတတ်မြောက်လာခြင်းဖြစ်သည်။

ငယ်စဉ်ကတည်းက မိဘတွေ၏ သွန်သင်ဆုံးမမှုအောက်မှာ ကြီးပြင်းခဲ့သည်။ ဘဝသမားတွေမို့ ပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ခဲ့ရပေမယ့် အကျင့်စာရိတ္တနှင့်ပတ်သက်၍ နာမည်ပျက်မရှိအောင်နေခဲ့သည်။ စားသောက်ဆိုင်မှာ မီးဖိုချောင်အကူလုပ်ရင်း အကြော်ပညာကိုလည်း တတ်မြောက်အောင် အောက်ကျို့ခံသင်ယူခဲ့သည်။ ခုတော့ ကိုယ်ပိုင်ဆိုင်မဖွင့်နိုင်တောင် လစာအတော်အသင့်ရနေသည့် အကြော်ဆရာဖြစ်လာပြီ မဟုတ်ပါလား။ ခေါက်ဆွဲကြော် ကြော်နေရင်း မနက်ခင်းက အဖြစ်အပျက်လေးကို ပြန်စဉ်းစားမိရင်း သူစိတ်မကောင်းဖြစ်သွားမိသည်။

(၂)

မနက်က ....သားနှစ်ယောက်က

"ဖေကြီး သားတို့ ခေါက်ဆွဲကြော် စားချင်တယ်။ ဖေကြီး လုပ်တဲ့ဆိုင်က ဝယ်ခဲ့နော်"

"တယ် ဒီကောင်လေး တစ်ပွဲ ၅၀၀၀/၆၀၀၀ ပေးရတာ။ ငါတို့ဟင်းချက်စရာ ည၊ မနက်စာရတယ်ဟဲ့ ပါးစပ်ပိတ်ထား နင်တို့နှစ်ယောက်"

မိန်းမ၏ အော်ငေါက်မှုကြောင့် အတွန့်မတက်ရဲတော့ဘဲ ဖခင်ဖြစ်သူကိုသာ မျက်နှာငယ်လေးနှင့် ကြည့်နေသည်။ ထွန်းလူရင်ထဲ မကောင်း။ သူက လခစား အကြော်ဆရာ လခက အများကြီးရတာ မဟုတ်။ အိမ်ထောင်မှုတာဝန်ကို လင်မယားနှစ်ယောက်လုံး ရုန်းကန်ရသည်။ ဒါတောင်ပိုလျှံသည်မရှိ။ လကုန်ခါနီးဆို သူများဆီမှာ ချေးငှားနေရတာ အခုချိန်ထိပင်။ အခုခေတ်ကုန်စျေးနှုန်းကလည်း ဝမ်းဝဖို့အတွက် မနည်းရပ်တည်နေရသည် မဟုတ်ပါလား။ အိမ်ပိုင်မဟုတ်တော့ အိမ်လခအတွက်လည်း ပူရသည်။ ဒါတောင် မိန်းမက အားသည့်အချိန်တိုင်း ဝင်ငွေရသည့် အလုပ်လေးတွေ လုပ်သေးသည်။ မိသားစုအကြွေးကင်း၊ ဖူလုံရုံသာရှိသည်။ သားနှစ်ယောက်က အလယ်တန်းကျောင်းသားတွေ။ သူတို့စရိတ်ကလည်း မသေးလှပေ။ သူလခထုတ်လျှင် တစ်ပြားမကျန် မိန်းမဖြစ်သူကို အပ်သည်။ ဒါတောင် လစဉ်လည်ပတ်ဖို့ အလျှင်မီအောင်ရုန်းကန်ရသည်။ မိန်းမက စစ်စီပြီး စည်းကမ်းရှိ၍ အကြွေးကင်းခြင်းဖြစ်သည်။

"အိမ်စားစရိတ်၊ နင်တို့ကျောင်းစရိတ်၊ ကျူရှင်လခ၊ မီးဖိုး၊ ရေဖိုး၊ ကျန်တဲ့ သာရေး၊ နာရေး အို...ပြောမကုန်တော့ဘူး။ ဝင်ငွေ၊ ထွက်ငွေ မမျှတော့ အပိုကုန်တာ မကြိုက်ဘူး။ ပါးစပ်စည်းကမ်းရှိဖို့ အမေဆုံးမထားတယ်မို့လား"

"ဟုတ်"

အမေဆူတော့ မျက်နှာလေးတွေငယ်သွားတော့ ရင်ထဲနင့်ခဲ့ရသည်။ သူကိုယ်တိုင်လည်း သားသမီးတွေလိုအပ်သမျှကို အရာရာဖြည့်ဆည်းပေးချင်သည်။ ဝင်ငွေကိုလည်း ဒီထက်ကောင်းအောင် ရှာဖွေပေးချင်သည်။ စိတ်ကူးသာရှိခဲ့သည်။ လက်တွေ့က မလွယ်ကူပေ။ ကိုယ်ပိုင်ဆိုင်လေးဖွင့်ချင်သည့် စိတ်ကူးရှိပေမယ့် သူမှာ အရင်းအနှီးမရှိ။ စိတ်ကူးနှင့်သာ ရှူးနေရသည်။ လခထုတ်တာနှင့်လကုန်ရက်အထိ မကျန်။ လခကြိုထုတ်ရသည်ကလည်း အကြိမ်ကြိမ်မို့ ကိုယ်ပိုင်ဆိုင်သေးသေးလေး ဖွင့်ဖို့ကို စိတ်ကူးလေးသာရှိသေးသည်။

(၃)

အတွေးလွန်ရင်း ကိုယ့်ဘဝ အကြောင်းတွေးမိကာ စိတ်မကောင်းဖြစ်ရသည်။

ဟူး....

သူ သက်ပြင်းရှည်ကြီးချလိုက်မိသည်။ တစ်မနက်လုံး ချွေးတလုံးလုံးနှင့် ကြော်နေရပေမယ့် မြင်သာမြင်မကြင်ရသည့် သူ့ဘဝကိုလည်း စိတ်နာမိသည်။ အငွေ့ဖြင့်သာ ဖြေသိမ့်ရင်း အရသာရှိသည့် ခေါက်ဆွဲကြော်တွေကိုသာ ငေးမောခွင့်ရသည်။

ဒီလ လခထုတ်ရင်တော့ သားနှစ်ယောက်ကို ဝယ်ကျွေးဖြစ်အောင် ကျွေးမည်ဟု စိတ်ထဲတွေးထားသည်။ ကိုယ့်အိမ်မှာ ခေါက်ဆွဲလေးကြော်ကျွေးချင်ပေမယ့် ပစ္စည်းမစုံ။ ထည့်ဖို့ အဆာပလာကမစုံ၍ ဒီလိုအရသာရှိဖို့ဆိုသာ မဖြစ်နိုင်ပေ။ ဆီတောင်ပြန်မည် မဟုတ်။ လှေစီးရင်း ရေငတ်ဆိုတာ သူတို့ကို ပြောတာနေမည်။ သူ့ခေါက်ဆွဲကြော် လက်ရာ နာမည်ကြီးသည်။

သို့သော် ကိုယ့်မိသားစုတောင် အနားမကပ်နိုင်သည့်ဘဝမို့ ရင်နာမိတာ အကြိမ်ကြိမ်ပင်ဖြစ်သည်။ လကုန်ရင် ဝယ်ကျွေးမည်ဟု ကတိအကြိမ်ကြိမ်ပေးခဲ့မိသည်။ သို့သော် အခုထိအကောင်အထည်မဖော်နိုင်သေးပေ။ မိန်းမဖြစ်သူ နေ့စဉ်တင်ပြနေသည့် အိမ်စားစရိတ်၊ တခြားကုန်ကျမှုတွေက သူ့ကိုခြောက်ခြားစေသည်။

(၄)

"ကိုထွန်းလူ"

"ဟေ့... ပြော ဘယ်နှစ်ပွဲလဲ.."

အတွေးလွန်နေရာမှ စားပွဲထိုးလေး အသံကြောင့် ထပ်ကြော်ရမလား ဆိုပြီး မေးလိုက်မိသည်။

"လူကပါးနေပါပြီဗျာ။ ဒီမှာလေ ဟိုစုံတွဲနှစ်ယောက် ခေါက်ဆွဲကြော်နှစ်ပွဲလုံးမှာပြီး ဘာမှတောင်မစားဘူး။ တွတ်ထိုးရင်း ပြန်သွားကြတယ်ဗျာ။ သွန်ပစ်ရမှာလည်း နှမြောစရာကြီး ကျွန်တော်လည်း အကျန်စားရလို့ ဗိုက်အင့်နေပြီ။ သွန်ပစ်လိုက်မယ်ဗျာ ဘယ်သူမှမစားဘူးတဲ့.."

စားပွဲထိုးလေးကို အလန့်တကြား သူလှမ်းဆွဲလိုက်သည်။ ခေါက်ဆွဲကြော်ပန်းကန်နှစ်ချပ်က သူကိုဆွဲဆောင်နေပြီ မဟုတ်ပါလား။ ပန်းကန်နှစ်ချပ်ထက် သားနှစ်ယောက်မျက်နှာက ခေါက်ဆွဲပန်းကန်မှာပေါ်နေပြီ။ မနက်ကတည်းက စားချင်နေတဲ့ သူတို့ဆန္ဒလေးထက် ဘယ်အရာမှ အရေးမကြီးတော့ သူတို့ အမေအော်ငေါက်၍ မျက်နှာငယ်နဲ့ သူ့ကိုကြည့်နေကြတဲ့ သားနှစ်ယောက်။ သူတို့ စားချင်ရှာမှာဖြစ်သည်။

"ဟာ.. နေပါဦးဟ"

အေးနေပေမယ့် ဘာမှမတို့ထိရသေးသည့် ခေါက်ဆွဲကြော်ပန်းကန်နှစ်ခုကို သူယူလိုက်သည်။

"ပေးပေး ငါပဲယူလိုက်တော့မယ်။ ဗိုက်ဆာနေတာကွ..."

မုသားသည်လည်း တစ်ခါတစ်ရံ ချိုမြိန်လှ၏။ စားသုံးသူတွေ ကျန်ခဲ့တာတွေကို ပြန်စားသောက်ကြဖို့တော့ အားလုံးက အဆင်မပြေပေ။ တချို့က နယ်ထားတာမို့ နောက်လူစားဖို့အဆင်မပြေ။ အခုလို မတို့မထိရသေးသည့် ခေါက်ဆွဲကျန်ခဲ့ဖို့က ကြုံခဲသည်။ ဒါတောင် စားပွဲထိုးလေးတွေ ဗိုက်ပြည့်နေလို့ သူရခြင်းဖြစ်သည်။ သားသမီးအတွက် ရှေ့မျက်နှာနောက်ထား လိုက်တော့သည်။

"ဒါဆိုလည်း ပြီးရောဗျာ ထားခဲ့ပြီ... နော်"

စားပွဲထိုးလေး ထွက်သွားတော့ ခေါက်ဆွဲကြော်များကို အိတ်လေးထဲ သေချာထည့်သည်။ အချဉ်ရည်လေးလည်း သီးသန့်ထည့်ကာ အိမ်ပြန်ဖို့သာ တာစူနေမိသည်။ အချိန်မတိုင်ခင် သားတွေဆန္ဒ ဖြည့်ဆည်းပေးရပြီမို့ သူပျော်နေမိသည်။ လကုန်ထိစောင့်စရာ မလိုတော့။

"ဒါကလည်း အဖေ့လက်ရာပါ သားတို့ရေ၊ မင်းတို့ မြိန်မှာပါ"

(၅)

အိမ်အပြန်လမ်းက အရင်နေ့တွေနှင့်မတူ ရွှင်လန်းတက်ကြွလို့နေသည်။ လက်ထဲမှာကိုင်ထားသည့် ခေါက်ဆွဲကြော်ထုပ်လေးက သူ့ရင်ထဲကို အပျော်တွေ ကူးစက်နေတော့သည်။ ငွေမကုန် သူတစ်ပါးပစ္စည်း အချောင်ရလို့ ယူလာခြင်းမဟုတ်တာမို့ လိပ်ပြာလုံသည်။

"သားတို့ရေ မင်းတို့စားချင်တဲ့ ကြက်သားခေါက်ဆွဲကြော် အဖေ ယူလာပြီကွာ။ ငါ့သားတွေ အဝစားကြပေတော့"

သူ့ဝမ်းဟာနေပေမယ့် အပျော်စိတ်ကြောင့် ဝလို့နေသည်။ မနက်က ဆိုင်ရှင်ကျွေးသည့် ထမင်းကြော်သာရှိသည်။ အလုပ်သမားတွေကို လခသာပေးသည်။ ဆိုင်ကစားစရာတွေကိုတော့ ထိတွေ့ခွင့်မပေးပေ။ အကျန်ကလည်း ကောင်းသည့် အရာဆို စားပွဲထိုးလေးတွေကိုသာ ဦးစားပေးရသည်။ လူကြီးတွေက အနစ်နာခံရသည်။ သူကိုယ်တိုင်လည်း ရိုးသားသူမို့ပိုင်ရှင်မသိဘဲ အကြော်တစ်ပွဲမှ မလုပ်စားခဲ့ပေ။ ကိုယ့်ကျင့်သိက္ခာကို ခါးဝတ်ပုဆိုးလို မြဲခဲ့သည်။ သူတို့ မကြည်ဖြူတာကို အပ်တိုတစ်ချောင်း ကစလို့မယူခဲ့ပေ။ ဒါကြောင့် စိတ်ရှင်းသည်။ ပေါ့ပါးသည်။ အလုပ်လုပ်ရတာ အဆင်ပြေခဲ့သည်။ ခုလိုနေ့မျိုးကတော့ သူ့အတွက် ထီပေါက်သလိုပင်။ အစားမစားဘဲ စကားပြောထ ပြန်သွားသည့် စုံတွဲကို ကျေးဇူးတွေ တင်နေမိသည်။ သူတို့အတွက် ဒီခေါက်ဆွဲကြော်နှစ်ပွဲက ဘာမှတန်ဖိုးမရှိဖြစ်ကောင်းဖြစ်လိမ့်မည်။ သူ့အတွက် ကတော့ အဖိုးမဖြတ်နိုင်သည့် နတ်သုဒ္ဓါမဟုတ်ပါလား။ ခဏတာ အာသာပြေဖို့ သည်လိုခေါက်ဆွဲကြွေးရ ပေမယ့် သားတို့အနာဂတ်အတွက် လိုတရစေမည့်အရာတွေ ပေးနိုင်အောင် သူကြိုးစားရမည်ဟု တွေးရင်းလှမ်းမြင် နေရသည့် မိသားစုရိပ်မြုံလေးဆီသို့ မပြေးရုံတမယ် လှမ်းလာလိုက်ပါတော့သည်။ ။

**ခုလို နေ့မျိုးကတော့ သူ့အတွက် ထီပေါက်သလိုပင်။ အစားမစားဘဲ စကားပြောထပြန်သွားသည့် စုံတွဲကို မဆီမဆိုင် ကျေးဇူးတွေတင်နေမိသည်။ သူတို့အတွက် ဒီခေါက်ဆွဲကြော်နှစ်ပွဲက ဘာမှတန်ဖိုးမရှိဖြစ်ကောင်းဖြစ်လိမ့်မည်။ သူ့အတွက်ကတော့ အဖိုးမဖြတ်နိုင်သည့် နတ်သုဒ္ဓါမဟုတ်ပါလား။ ခဏတာအာသာပြေဖို့ ဒီလိုခေါက်ဆွဲကြွေးရပေမယ့် သားတို့ အနာဂတ်အတွက် လိုတရစေမည့်အရာတွေ ပေးနိုင်အောင် သူကြိုးစားရမည်ဟု တွေးရင်း . . .**

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်း မရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ကြိုတင်ကာကွယ်ခြင်အန္တရာယ်

✧ ခြင်ကြောင့်ဖြစ်တဲ့ ရောဂါတွေ
အလွန်များပြားပေ၊
ကြိုတင်ကာလေ ကာကွယ်ရေး
အသိပညာပေး။

✧ နေ့ညမရွေး ခြင်များဟာ
ကိုက်လေ့ရှိပေတာ၊
လုံခြုံစွာလေ ဝတ်ဆင်ကြ
ခြင်ထောင်ထောင်အိပ်ကြ။

✧ ဖုံးသွန်စစ်ကြ လဲကြလေ
ရေအိုးပန်းအိုးတွေ၊
ခြင်အောင်းရာလေ မှန်သမျှ
ခြင်ဆေးပက်ဖျန်းကြ။

✧ အိမ်တွင်းပြင်ပ သန့်ရှင်းကာ
ပေါင်းမြက်တွေရှင်းပါ
ရေစီးရေလာ ကောင်းစေရေး
ရေမြောင်းတွေရှင်းပေး။
ခြင်အန္တရာယ်ကာကွယ်ရေး။

အောင်ကျော်ဦး(ပန်းသခင်)

---

## ဇရာထောင်း၍ အိုဟောင်းချိန်

☆ ခန္ဓာကိုယ် အားအင်ပျက်လို့
အိပ်ရာထက် လှဲနေ။
အလုပ်ကိုင် ဆန္ဒများ
ပစ်ထားရပေ။
စိတ်သွားတိုင်း ကိုယ်မပါနေ
ဝမ်းနည်းလေ ပူဆွေး။
အိုမိတ်ဆွေ သည်ဖြစ်ရပ်က
အစရှိသေး။

☆ တစ်ခါလေ ပျင်းသော်ငြား
အဖော်များ လိုချင်။
သားမြေးရယ် အဘိုးနား
ခစားစိတ်ထင်။
လူငယ်တို့ စိတ်အမြင်
မနေချင် လူအိုနား။
တစ်ကိုယ်တည်း နေရှာကွယ်
ပစ်ပယ်လို့သွား။

☆ မိသားစု အခက်ခဲ
တွေ့ကြုံဆဲ အခါဝယ်။
မနေနိုင် သူကြီးပေးတော့
ဆူခံရတယ်။
တို့လူအို ဘဝရယ်
တောင်းဆိုမယ် တစ်ခုများ။
လူငယ်တွေ မျိုးချစ်လို့
တန်ဖိုးတော့ထား။

မောင်သုခ(ပန်းကုံး)

---

ဆောင်းပါး

# မူးယစ်ဆေးရန် တို့တွန်းလှန်၊ ကြိုးစားတိုက်ဖျက် နိုင်ငံ့အတွက်

ဇင်မင်းစိုး (ဗိုလ်ကလေး)

ဇွန်လ ၂၆ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဖြစ်ပါသည်။ တစ်ကမ္ဘာလုံး၌ မူးယစ်ဆေးဝါး သုံးစွဲမှု၊ ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုစသည့် မူးယစ်ဆေးဝါးပြဿနာများကြောင့် နိုင်ငံအသီးသီး၌ ကျန်းမာရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်ပျက်စီးစေလျက်ရှိသဖြင့် ၁၉၈၇ ခုနှစ်၊ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ဇွန်လ ၂၆ ရက်နေ့ကို မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မျိုးဆက်သစ်လူငယ်များကို အလေးအနက်ထားကြပြီး နိုင်ငံ့အနာဂတ်အတွက် အားထားခံကြရသူများလည်း ဖြစ်ပါသည်။ ထိုအားထားခံရသည့် လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ရှောင်ရှားကြရန် လိုအပ်ပါသည်။ ယနေ့ကမ္ဘာတွင် ရင်ဆိုင်နေကြရသော စစ်မက်ဘေး၊ အနာရောဂါဝေဒနာဘေး၊ သဘာဝအန္တရာယ်ဘေးစသည့် ဘေးအန္တရာယ်များအနက် မူးယစ်ဆေးဝါးအန္တရာယ်ဘေးသည် အကြီးမားဆုံးအန္တရာယ်ဘေးဖြစ်ပါသည်။ မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် မိမိတို့၏ အသိဉာဏ်ရည်များ ပျက်စီးဆုံးရှုံးကာ လူ့ဘဝပါ အညွန့်တုံးကြရပါသည်။

'မူးယစ်ဆေးဝါး' ဟူသည် 'မူးယစ်' နှင့် 'ဆေးဝါး' ဟူသော ဝေါဟာရစကားလုံးနှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ မူလအစက 'ဆေးဝါး'ဟူသော ဝေါဟာရသည် အနာရောဂါ ပျောက်ကင်းစေနိုင်သော အစွမ်းရှိ၍ ကောင်းကျိုးပေးနိုင်သော်လည်း 'မူးယစ်' ဟူသော ဝေါဟာရနှင့် ပေါင်းစပ်လိုက်သောအခါ လောကအလှတရားကို ဖျက်ဆီးသော၊ ကောင်းကျိုးမပေးသော 'မူးယစ်ဆေးဝါး' ဟူ၍ ဖြစ်လာပါသည်။

ယနေ့ခေတ် လူငယ်အများစုသည် style ရှိမှ star ဖြစ်မည်ဟူသော လွဲမှားသော ခံယူချက်များဖြင့် ကွမ်းယာလေးတမြုံ့မြုံ့ဝါး၍ လက်ကြားထဲ စီးကရက်ညှပ်ကာ နေထိုင်ပြောဆိုနေရသည်ကိုပင် စတိုင်လ်ကျသည်၊ ခေတ်မီသည်ဟု သတ်မှတ်၍ ဟန်ရေးတပြပြဖြင့် နေထိုင်နေကြသည်ကို တွေ့မြင်ရပါသည်။ ဝတ်စားဆင်ယင်မှုစတိုင်လ်၊ ပြောဆိုနေထိုင်မှုစတိုင်လ်များထက် မူးယစ်ဆေးဝါးသုံးစွဲ၍ စတိုင်လ်ကျသည်ဟူသောအတွေးသည် အဆိုးရွားဆုံးပင်ဖြစ်ပါသည်။ ထိုအကြောင်းအရာကို လူငယ်များအကြား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရန် လိုအပ်လှပါသည်။ ထို့ကြောင့်ပင် 'ဆေးလိပ်အစ၊ အရက်အလယ်၊ မူးယစ်အဆုံး ဘဝနိဂုံး' ဟူ၍ လူကြီးမိဘများက အမြဲဆုံးမနေကြခြင်း ဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မူးယစ်ဆေးဝါးကို ဘုံရန်သူအဖြစ် သတ်မှတ်ကြပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စုပေါင်းတိုက်ဖျက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးမြောက်မြားစွာ ရှိပါသည်။ လူငယ်များသုံးစွဲမှုများသော မူးယစ်ဆေးဝါးများမှာ ဘိန်းဖြူ၊ ဘိန်းမည်း၊ ဘိန်းဆီ၊ ဘိန်းရည်၊ ဘိန်းချေး၊ မော်ဖင်း၊ ကိုဒင်း၊ ကက်မီသာ၊ ဖင်ဆီဒိုင်း၊ ပက်သဒင်း၊ ဒိုင်ယာဇီပင်၊ မက်သာကွာလုံး (ဒဗလျူဆေးပြား)၊ ဆေးခြောက်၊ အမ်ဖီတမင်း (စိတ်ကြွဆေးများ) စသည်တို့ ဖြစ်ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ပြောင်းလဲလာပြီး ဆိုးကျိုးများစွာ ကြုံတွေ့ခံစားရနိုင်ပါသည်။ စိတ်ပိုင်းဆိုင်ရာလက္ခဏာများအဖြစ် ဆေးသုံးစွဲလိုသည့်ဆန္ဒ ပြင်းထန်လာခြင်း၊ စိုးရိမ်စိတ်လွန်ကဲခြင်း၊ ဂနာမငြိမ်ခြင်း၊ ရန်ပြုလိုစိတ်ဖြစ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဒေါသထွက်ခြင်း၊ ပျော်ရွှင်ခြင်း၊ နာကျင်မှုပျောက်ခြင်း၊ မှိန်းနေခြင်း၊ မှောင်သည့်နေရာမှာ နေလိုခြင်း၊ အိပ်ပျော်နေတတ်ခြင်း၊ အိပ်ရာမှရုတ်တရက်နိုးလျှင်ကြောင်တောင်တောင်ဖြစ်ခြင်းများ ဖြစ်လာနိုင်ပါသည်။

မူးယစ်ဆေးဝါးသည် စမ်း၍ပင် မသုံးစွဲသင့်ပါ။ စမ်း၍သုံးစွဲရာမှ စွဲလမ်းသွားပြီး နောင်တွင် မူးယစ်ဆေးဝါး မသုံးရမနေနိုင်သည်အထိ ဖြစ်လာပြီး လုယက်မှု၊ လူသတ်မှုစသော ဒုစရိုက်မှုများပါ ဖြစ်ပွားလာကာ နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနိုင်သလို လူမှုပတ်ဝန်းကျင်တွင်လည်း မလိုလားအပ်သော ပြဿနာရပ်များ ကြုံတွေ့ရနိုင်ပါသည်။ မူးယစ်ဆေးဝါးသည် မည်သည့်ကောင်းကျိုးမျှ မရှိသဖြင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ပြည်သူတစ်ရပ်လုံးက စုပေါင်းတိုက်ဖျက်လျက်ရှိပါသည်။

"မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ်ဘဝသစ်" ဖြင့် မိမိဘဝကို တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးကို ရှောင်ရှားပစ်ပယ်ရန် အလွန်အရေးကြီးလှပါသည်။ လူငယ်များသည် အနာဂတ်အတွက် မီးရှူးတန်ဆောင် ခေါင်းဆောင်ကောင်းများဖြစ်ကြပြီး အနာဂတ်ထူထောင်နိုင်ရန်အတွက် ကျန်းမာသန်စွမ်း၍ ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပါသည်။ ထိုလူငယ်လူရွယ်များသည် မူးယစ်ဆေးဝါးကို သုံးစွဲမိပါက ပေါင်းသင်းဆက်ဆံရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ကိုယ်ကျင့်သိက္ခာ အကျင့်စာရိတ္တများ ပျက်စီးဆုံးရှုံးကာ လူညွန့်တုံးနိုင်သဖြင့် မူးယစ်ဆေးဝါးကို အားလုံးကအတူတကွ စည်းလုံးညီညွတ်စွာ တိုက်ဖျက်ပစ်ကြရမည် ဖြစ်ပါသည်။

လူငယ်များအနေဖြင့် နိုင်ငံတော်က အားထားရသော လူတော်လူကောင်းများဖြစ်စေရေး ကြိုးစားအားထုတ်ရမည်ဖြစ်သကဲ့သို့ မူးယစ်ဆေးဝါးအန္တရာယ်မှ ကြိုတင်ကာကွယ်တတ်စေရေးအတွက် အပေါင်းအသင်းကို ရွေးချယ်ပေါင်းသင်းတတ်စေရေးလည်း လိုအပ်လှပါသည်။ လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် မပေါင်းသင်းသင့်သူကို မပေါင်းဘဲ ပေါင်းသင်းပေါင်းထိုက်သူကိုသာ ရွေးချယ်ပေါင်းသင်းတတ်အောင် လူကြီးမိဘများက လမ်းညွှန်ပြသရမည် ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်စွာ တိုက်ဖျက်လျက်ရှိပြီး ပြည်သူများကလည်း ပူးပေါင်းပါဝင်တိုက်ဖျက်ကြရန် အရေးကြီးပါသည်။ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများသည် နိုင်ငံသားအားလုံး၏ တာဝန်တစ်ရပ်ဖြစ်ပြီး ဘုံရန်သူအဖြစ် တိုက်ဖျက်ချေမှုန်းရမည် ဖြစ်ပါသည်။ "မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ လူမှုဘဝ"၊ "တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့" ဟူသော ဆောင်ပုဒ်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင် လက်တွဲဆောင်ရွက်ကြရန် လိုအပ်လှပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးစွဲသူများ ဆေးကုသမှုခံယူနိုင်စေရေးနှင့် နောက်ဆက်တွဲ အန္တရာယ်များ လျော့ချနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး ၂၉ ခုနှင့် ဌာနငယ် ၅၆ ခုနှင့် မက်သာဒုံးဆေးခန်း ၈၆ ခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဖြတ်ပြီးသူများ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြန်လည်ထူထောင်ရေးစခန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ မူးယစ်ဆေးဝါးသုံးစွဲမှုကို ပြစ်မှုအဖြစ် သတ်မှတ်ခြင်းမပြုတော့ဘဲ ဆေးကုသမှုခံယူနိုင်ရေး နိုင်ငံတော်အစိုးရနှင့် လူမှုအဖွဲ့အစည်းများက ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် ကုသရေးအစီအစဉ်များကို လူထုအတွင်း ရောက်ရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်လာကြပြီး ဆေးရုံဆေးခန်းအခြေပြု ဆေးကုသရေးလုပ်ငန်းများအပြင် လူထုအခြေပြု ဆေးကုသရေးလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်လာကြပြီး ဖြစ်ပါသည်။ လူသားမျိုးနွယ်တစ်ခုလုံး ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်ပြည့်ဝရေးအတွက် မူးယစ်ဆေးဝါးကို ရှောင်ရှားကြရမည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် လူညွန့်တုံးကာ ဘဝပျက်စီးခဲ့ကြသည့် လူငယ်လူရွယ်များကို ပစ်ပယ်ထားခြင်းမပြုဘဲ လက်တွဲခေါ်ယူကာ ပြန်လည်ပြုပြင်ရေး လမ်းကြောင်းပေါ်သို့ဆွဲတင်၍ စနစ်တကျဆေးကုသမှုခံယူကာ နွေးနွေးထွေးထွေးဆက်ဆံကြရမည် ဖြစ်ပါသည်။ သို့မှသာ ပျော်ရွှင်အေးချမ်းသော အနာဂတ်ဘဝများ ပိုင်ဆိုင်ကြရမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

---

## မိုးနဲ့အတူ ဖိုးတောင်သူ

☆ ရွာချောင်းစပ်က ရိုးရေလျှံ
ဟစ်အော်ဖားဆူညံ။
မိုးသံလေသံ ကြားရဲ့လား
ထစ်ချုန်းလျှပ်ပန်းများ။

☆ ထွန်တုံးထွန်သွား အသင့်ပြင်
လယ်တောပြေးအလျင်။
ကြိမ်တံနှင့်လို့ နွားကိုမောင်း
ရွက်ထမ်းစပါးတောင်း။

☆ အချိန်ကောင်းမို့ မိုးမလွန်
နွားမောင်းဟစ်အော်ထွန်။
တာဝန်ကျေပွန် အားသစ်နိုး
ကြဲပက်စပါးပျိုး။

☆ သွန်းဖြိုးရွာတော့ မိုးမင်းကူ
ပုလဲအသွင်ဖြူ။
အားထုတ်တောင်သူ မမောပန်း
ရွာပါမိုးပက်ဖျန်း။

ငြိမ်းချမ်းအောင်(နတ်တလင်း)

# ဟင်္သာတမြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများ မြစ်ရေဝင်ရောက်နစ်မြုပ်ခြင်းမှကာကွယ်နိုင်ရေး ကွင်းဆင်းကြည့်ရှုဆောင်ရွက်

**နေပြည်တော် ဇွန် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးနှင့် တာဝန်ရှိသူများသည် ဇွန် ၁၉ ရက် နံနက်ပိုင်းက ပုသိမ်မြို့ ဘုရားကြီးကုန်းကျေးရွာအုပ်စု မြောင်းနှစ်မြောင်း တူးဖော်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက မြို့အတွင်း ရေဝပ်မှု လျော့ပါးသက်သာစေရေးနှင့် လယ်ယာမြေ ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရန် အသေးစိတ်ကွင်းဆင်းလေ့လာပြီး ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ(ရုံးချုပ်)နှင့် ပေါင်းစပ်ညှိနှိုင်းကာ ဒီဇိုင်းပုံစံများရေးဆွဲဆောင်ရွက်၍ ရေနုတ်ခြင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ထို့နောက် ရေကြည်မြို့နယ် ငဝန်တာမိုင် ၅၉/၃-၆၀/၂ အတွင်းရှိ မကျီးလဟာပန်းတာ တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းသို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက ရေဘေးကာကွယ်ရေးတာများတွင် တာ/တမံ/ရေတံခါးများ၏ ကြံ့ခိုင်လုံခြုံမှုကို ထိခိုက်စေနိုင်သော အခြေအနေများဖြစ်ပေါ်နေမှု ရှိ၊ မရှိ အထူးအလေးထားပြီး အသေးစိတ်စစ်ဆေးကြရန်နှင့် တာတမံပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို တာတမံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံဆောင်ရွက်သွားကြရန်နှင့် နွားရေတိုက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေသောက်စနစ်ဧရိယာအတွင်း ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီပြီး ရေရရှိနိုင်မှု၊ မြေဆီလွှာအနေအထားအပေါ်မူတည်၍ သီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် သီးနှံပုံစံများ တွက်ချက်ပေးနိုင်ရေး၊ သီးထပ်စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

အလားတူ ဇောဓိကုန်းကျေးရွာ ငဝန်တာမိုင် (၄၅/၆) အမှတ်(၂) ရေကင်းစခန်းကိုလည်းကောင်း၊ ဟင်္သာတမြို့နယ် ကိုင်းချောင်းကျေးရွာအုပ်စု မဲဇလီညွှန့်ကျေးရွာအနီးရှိ ဖြတ်တာ(၁-၈)နှင့် မဲဇလီညွှန့် ဖြတ်တာတည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ထားသည့် ကမ်းထိန်းလုပ်ငန်းများကိုလည်းကောင်း၊ ဟင်္သာမြို့ ဟင်္သာတကမ်းနားတာ တာမိုင်(၈/၄)ရှိဦးပါရဲရေကင်းစခန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြား၍ ရေကင်းစောင့်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ငဝန်တာအနေဖြင့် စုစုပေါင်းတာမိုင်အလျား ၇၃ ဒသမ ၈၇၅ မိုင်ရှိ၍ ရေကင်းစခန်းများ စုစုပေါင်း ၁၈ ခု ဖွင့်လှစ်ထားရှိကာ ရေဘေးကာကွယ်ရေးဧရိယာ ၃၀၀၃၈၄ ဧကအား ပုံမှန်တာလုပ်သားများအပြင် မိုးရာသီကာလ တာလုပ်သားများပါခန့်အပ်၍ ရေဘေးအန္တရာယ်မှ အထူးအလေးထားကာကွယ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**




# MSME များ ဖွံ့ဖြိုးရေးအတွက် ဒစ်ဂျစ်တယ် ဆန်းသစ်တီထွင်မှုများ အလေးထားဆောင်ရွက်

**နေပြည်တော် ဇွန် ၂၁**

ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေး လုပ်ငန်းကော်မတီ (၃/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၉ က နေပြည်တော်ရှိ Naypyitaw State Polytechnic University တွင် Hybrid စနစ်ဖြင့် ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်သည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ တိုးတက်ပြောင်းလဲမှု မြန်ဆန်လျက်ရှိသော AI အပါအဝင် Digital Transformationနည်းပညာအရွေ့နှုန်းတို့နှင့်အတူ အမီလိုက်ပါနိုင်ကာ နိုင်ငံ့ရေရှည်အကျိုးစီးပွားကို လွှမ်းခြုံဖော်ဆောင်ပေးမည့် ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာစေရေးအတွက် ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီဝင်များနှင့် တက်ရောက်လာသူများက တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာ၌ စက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြား

**တပ်ကုန်း ဇွန် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်ရှောက်ကုန်းကျေးရွာတွင် နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းမှ ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို ဇွန် ၂၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ သင်တန်းဖွင့်ပွဲတွင် နေပြည်တော် ကောင်စီဝင် ဦးဇေယျလင်းက ရာဂီမုန်တိုင်းဒဏ်ကြောင့် လုပ်ငန်းဆုံးရှုံးရသူများ၊ မြေယာဆုံးရှုံးခဲ့သူများကို တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ရန် စက်ပစ္စည်းများထောက်ပံ့ပေးသွားမည်ဖြစ်ပြီး စက်ပစ္စည်းများ အသုံးပြုရေး နည်းပညာပေးသည့် သင်တန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စိုးမမငွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူ၊ တာဝန်ရှိသူများနှင့်အတူ အပ်ချုပ်စက်နှင့်သင်ထောက်ကူပစ္စည်းများ ကြည့်ရှုကာ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီးသင်တန်းနည်းပြဆရာမများက အခြေခံစက်နင်း၊ ချုပ်ရိုး၊ ရင်စေ့၊ နောက်ဇစ်၊ ရင်ဖုံးနှစ်မျိုးချုပ်နည်း၊ ရိုးရိုးထမီ၊ ပတ်ထမီချုပ်နည်း၊ သုံးလွှာ၊ လေးလွှာ၊ ချိတ်စကတ်၊ မီနီစကတ်ချုပ်နည်း၊ ဂါဝန်ချုပ်နည်း၊ ဂျပန်လည်ထောင်ချုပ်နည်းတို့ကို စာတွေ့၊ လက်တွေ့ တစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**






## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ရွှေကျီးလမ်းသွယ်၊ ဦးပိုင်အမှတ် (B–400)၊ မြေကွက်အမှတ် (၄၂) မြေကွက်ကြီးအနက် အိမ်အမှတ် (၅၁၀)၊ ဦးဇော်လင်းဦး အမည်တွင်တည်ရှိသည့် မြေအကျယ်အဝန်း (အလျား ၂၁x အနံ ၄၂)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့**ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်လင်းဦး [၁၄/ပသန(နိုင်)၁၃၃၄၈၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူ **ဒေါ်ညိုညိုစိန်း [၅/ခဥတ(နိုင်)၀၈၃၂၂၄]**က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ **(၇)ရက်**အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးကောင်းထက်ဇော် (LL.B)** တရားလွှတ်တော်ရှေ့နေ (စဥ်–၁၅၉၈၉)

**ဦးလွင်မိုးအောင် (LL.B)** အထက်တန်းရှေ့နေ (စဥ်–၅၅၅၃၂)

**ရုံးအမှတ်–၁၄၅၊(ပ–အေ)၊ ၃၇–လမ်း (အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09–795715235, 09–456002829, Ph:09–424533045**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာအနောက် (၁၀)လမ်း၊ မြေကွက်အမှတ်–၄၄၈၊ မြေအကျယ် (၄၀ ပေx ၆၀ ပေ) ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်၊ RC တိုက်သစ်၏ ဒုတိယထပ် (၃–လွှာ/တိုက်မှမျက်နှာမူလျှင် ဝဲဘက်–လမ်းမှမျက်နှာမူလျှင် ယာဘက်) အကျယ်အဝန်း (၁၇ ပေx ၅၄ ပေ)ရှိ တိုက်ခန်း (၁) ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် ရေ၊ မီးအစုံအလင်ပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးထွန်း [၁၂/သကတ(နိုင်)၂၁၁၉၀]မှ ၎င်းတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးစိုင်းပြည့်ဖြိုးဝေ(LL.B)** (စဥ်–၄၂၉၈၀)
**ဒေါ်ချိုသဉ္ဇာအေး(LL.B)** (စဥ်–၄၅၇၉၆)
**ဦးစိုင်းအောင်ဖြိုးဝေ(LL.B)** (စဥ်–၅၆၆၃၆)

**အထက်တန်းရှေ့နေများ**
**ရုံး–အမှတ်–၂၂၅ (ပထပ်)၊ ၃၅–လမ်း (အထက်)၊ (၃) ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၁၃၃၉၉၄၊ ၀၉–၄၄၀၇၂၈၂၈၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၃၆–ဘီ)၊ မြေကွက်အမှတ်– (၁၄ဒီ/၃အေ)၊ အကျယ်ဝန်း–(၀.၁၂၅)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေ စီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်လွင်လွင်ဦး [၁၂/မဂတ(နိုင်)၀၁၃၇၇၂]၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသူသည် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၅၇၅၁/၁၉၉၁)**
**အမှတ်– ၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၁၃၉၃၀၆**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အ.ထ.က(၆)၊ ကျောင်းဝင်အမှတ်(၁၅၈၂/၂၁)၊ Grade–12 (STEAMS–2)(B) ခန်းမှ မောင်အောင်ထက်ပိုင်၏ ဖခင်မှာ ဦးမျိုးဆွေ [၁၄/မမန(နိုင်) ၂၆၈၅၇၈]ဖြစ်ပါကြောင်း။

**ဦးမျိုးဆွေ**


လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

> အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။




## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်–ကမာကဆစ်၊ စိန်ပန်းလမ်း၊ အမှတ်( ၁၃၁၄/ခ)၊ အကျယ်အဝန်း (၁၅x၅၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဦးအုံးလှိုင် အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ဦးအုံးလှိုင် ကွယ်လွန်သွားသည့်အတွက် ၎င်း၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီး ဒေါ်မြစိန်[၁၂/ဒလန(နိုင်)၀၀၄၂၇၀]မှ အထက်ပါ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းယုခိုင်[၁၁/ကဖန(နိုင်)၀၂၈၂၅၉]က ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ** အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ**ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း** ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒနှင့်အညီပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ဝင်းဖြူ (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဥ်– ၉၂၈၄/၂၀၁၃)**
**အမှတ်–၄၆(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၁၁၀၃၃၃၄**

## ဦးဟာနစ် (KMW–141165)ကိုင်ဆောင်သူ သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၄လမ်း၊ အမှတ်(၂၀)၊ (F/၄–လွှာ)နေ ဒေါ်စန္ဒာဝင်း (ခ) ဖရီဒါးဘီ [၁၂/ပဇတ(နိုင်)၀၃၅၄၂၆]မှ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၌ အိမ်ထောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ကွာရှင်းလိုမှုလျှောက်ထားလာပါသဖြင့် လျှောက်ထားခြင်းခံရသူ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၊ မင်္ဂလာကုန်း၊ ၁၄–လမ်း၊ အမှတ် (၁၂)နေ ဦးကုရှီးဒ်အဟ်မဒ်၏သားဖြစ်သူ ဦးဟာနစ် (KMW–141165)အနေဖြင့် လာရောက် ဖြေရှင်းနိုင်ရန်အတွက် အောက်ပါအတိုင်း ဆင့်ခေါ်ဖိတ်ကြား ချိန်းဆိုအပ်ပါသည်။ အကယ်၍ ချိန်းဆိုသည့်နေ့ရက်တွင် လူကြီးမင်းအနေဖြင့် လာရောက်ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက လျှောက်ထားစာအပေါ် ကွာရှင်းမှုအား တရားတော်နှင့်အညီ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို တစ်ပါတည်းသိစေအပ်ပါသည်။

| | | |
|---|---|---|
| တွေ့ဆုံရမည့် နေ့ရက် | – | (၂၉–၆–၂၀၂၅)၊ (တနင်္ဂနွေနေ့) |
| တွေ့ဆုံရမည့် အချိန် | – | မွန်းလွဲ (၂:၀၀) နာရီတိတိ။ |
| တွေ့ဆုံရမည့် နေရာ | – | အမှတ်(၁၀/၁၂)၊ ဗိုလ်တထောင်လမ်းသွယ်(၁)၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

**ဦးကျော်ကျော်(ခ)ဦးခင်ထွန်း**
**အထွေထွေအတွင်းရေးမှူးချုပ်**
**အစိုးရအသိအမှတ်ပြုအမိန့်စာအစစ်ရှိ**
**မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)**
**Ph: 09–456662226**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ် (၂ဘီ/၆)၊ ဧရိယာ (၀.၁၀၅)ဧက၊ မြေကွက်တည်နေရာအမှတ်– ၂ဘီ/၆၊ မြကန်သာလမ်း၊ ကမာရွတ်မြို့နယ်၊ မြေအမျိုးအစား–မြေပိုင်မြေ အမည်ပေါက် ဦးပိုပိုလှ [၁၀/မလမ(နိုင်)၀၁၇၆၈၃] ကိုယ်တိုင်မှ အမည်ပေါက်ခဲ့သည့် ပိုင်ဆိုင်စာချုပ်အမှတ်– ၃၂၁၉/၂၀၀၅ (၁၂–၈–၂၀၀၅)၊ အရောင်းစာချုပ်အမှတ်– ၁၂၅၈/၂၀၀၆(၄–၄–၂၀၀၆)၊ အမှားပြင်စာချုပ်အမှတ်– ၂၂၉၃ / ၂၀၀၇ (၁၉–၆–၂၀၀၇) မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ ဘဏ်ချေးမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

